ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-4-2005)(၄၅၇၁)

ပြည်သူများ တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်မှုများသည် ပဓာနကျ။

☆ မိမိတို့ခေတ်ကာလတွင် ကိုယ့်အားကိုယ်ကိုးပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့မှုကြောင့် ထူးခြားသည့် အောင်မြင်ဖြစ်ထွန်းမှုများ ရလာခြင်းဖြစ်။

နိုင်ငံတော်အကြီးအကဲက လုပ်ငန်းရှင်များကို လုပ်ဖော်ကိုင်ဖက်အင်အားစုတစ်ရပ်ဟု သဘောထား နိုင်ငံတော်အပိုင်းက လုပ်ကိုင်ခွင့်များတိုးမြှင့်ပေးမှု ကူညီပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးလျက်ရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာ၌ နိုင်ငံတော်နှင့်ပြည်သူများအတွက် စေတနာထားလုပ်ကိုင်ကြပါမှ ဒေသဖွံ့ဖြိုးပြီး ဒေသခံပြည်သူများလည်း စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားလာမည်

ရန်ကုန် ဧပြီ ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧပြီ ၁၈ရက် နံနက် ၇နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမသို့ သွားရောက်၍ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၄-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

စီးပွားရေးဖွံ့ဖြိုးသည့် ဒေသကြီးဖြစ်လာရေး အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် စီးပွားရေးတောင့်တင်းခိုင်မာပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ လိုအပ်ချက်များကို အဘက်ဘက်က ဖြည့်ဆည်းပေးနေသည်။

အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော် အစိုးရ၊ သမဝါယမနှင့် တိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကြိုးပမ်းလျက်ရှိကြသည်။ နိုင်ငံတော်က တိုင်းရင်းသား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ စွမ်းအားပြည့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အားပေးကူညီနေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်နယ်နှင့်တိုင်း ဒေသများသို့ သွားရောက်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း ဧပြီလ ၁၈ ရက်နေ့က သံတွဲမြို့သို့ ရောက်ရှိစဉ် အဏ္ဏဝါရိပ်သာခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **ဒေသတစ်ခုတွင် ပင်မစီးပွားရေးလုပ်ငန်း တစ်ခုတည်းအပေါ် ရပ်တည်မည့်အစား ပင်မစီးပွားရေးနှစ်ခု၊ သုံးခုရှိပါမှ ဒေသရော ဒေသခံပြည်သူများပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစည်ပင်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချို့ကိစ္စများ၌ ကန့်သတ်မှုရှိတတ်၍ ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့် တိုးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့အတူ ပုဂ္ဂလိကကဏ္ဍကိုအားပေးလျက်ရှိကြောင်း၊ ဒေသတစ်ခုလုံးကို စီးပွားရေးဖွံ့ဖြိုးသည့် ဒေသကြီးဖြစ်လာစေရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်ကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

ဒေသတစ်ခု၊ နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်း ဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိက အရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း လမ်းသစ်၊ တံတားသစ်များစွာကို တည်ဆောက် ဖောက်လုပ်ပေးရင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်ကိုလည်း အခြားပြည်နယ်၊ တိုင်းဒေသများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာစေရန် လမ်း၊ တံတားများစွာကို တိုးချဲ့တည်ဆောက်ပေးနေကြောင်း တွေ့မြင်နေရသည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးတွင် အရေးပါသည့် ကျောက်ဖြူ–မအီလမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ အဆိုပါ လမ်းမကြီးပေါ်ရှိ တံတားကြီး ကိုးစင်းကိုလည်း တည်ဆောက်လျက်ရှိသည်။ ယခုအခါ တံတားကြီးကိုးစင်းအနက် ခြောက်စင်းပြီးစီးလျက်ရှိသည့်အပြင် သံသမချောင်းတံတားနှင့်သဇင်တန်ပေါက်တံတားတို့မှာ မကြာမီ ပြီးစီးတော့မည်ဖြစ်ပြီး ဝန်ဖိုက်တံတားတစ်စင်းသာကျန်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်က အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိချိန်တွင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအနေဖြင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် ဒေသဝမ်းစာဖူလုံစေရေးအတွက် ဆန်စပါးကို အလေးထားစိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်သည်။ အလားတူ ရော်ဘာစိုက်ပျိုးရေး၊ ငရုတ်ကောင်းစိုက်ပျိုးရေးနှင့် သိပ္ပံနည်းကျ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း အဓိကစီးပွားရေး လုပ်ငန်းများအဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာစေရေးအတွက် နိုင်ငံတော်က အရှိန်အဟုန်ဖြင့် အားပေးကူညီပံ့ပိုးလျက်ရှိချိန်တွင် တိုင်းရင်းသား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရေမြေသဘာဝသယံဇာတ အခြေအနေပေးမှုအလိုက် အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး ကိုယ်ပွားသတင်းစာတိုက်ကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လားရှိုးမြို့ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများအား တွေ့ဆုံ ပြည်သူများ၏ အသိဉာဏ်နှင့် ဗဟုသုတ ပိုမိုပွင့်လင်းတိုးတက်စေရေးဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဧပြီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၃ ရက် နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လမ်းမတော်လမ်းနှင့်ဟံသာဝတီ လမ်းထောင့်ရှိ လားရှိုးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ လားရှိုးမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လားရှိုးကိုယ်ပွားသတင်းစာတိုက်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက မိမိတို့ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ပြီး ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အစဉ်အလေး အနက်ထား၍ အောင်မြင်အောင် တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ကြရန်၊ ဝန်ထမ်း အများစုသည် ဒေသခံများ ဖြစ်ကြသည့် အားလျော်စွာ မိမိဇာတိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမန်ထက်ပိုမိုသော တာဝန်သိစိတ်ဖြင့် စေတနာထားဆောင်ရွက်ကြရန်၊ မိမိနယ်မြေဒေသအတွင်း ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် ပြည်သူများ၏ အသိဉာဏ်နှင့် ဗဟုသုတ ပိုမို ပွင့်လင်း တိုးတက်လာစေရေးအတွက် မီဒီယာလက်နက်ဖြင့် မိမိတို့လုပ်ငန်းတာဝန်များအလိုက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း နေထိုင်လုပ်ကိုင် ဆောင်ရွက် သွားကြရန် မှာကြားသည်။

ဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ နံရံကပ်စာစောင်နှင့် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး နံရံကပ်စာစောင်များတွင် ပြည်သူများ သိသင့်သော ဗဟုသုတ ရဖွယ်များ၊ သတင်းအချက်အလက်များ ဝေဝေဆာဆာဖြင့် အမြဲတစေ လဲလှယ်ဆောင်ရွက်ရန်၊ စာကြည့်တိုက်ရှိ စာအုပ်များကို စနစ်တကျ ထိန်းသိမ်းရေးနှင့် စာဖတ်သူများ ပိုမို တိုးပွားလာအောင် စည်းရုံးဆောင်ရွက်ရန်၊ သတင်းစာနှင့်စာအုပ်၊ စာစောင်များ နယ်မြေဒေသအတွင်း နေရာအနှံ့သို့ ဖြန့်ဝေရာတွင် အမြန်ဆုံးရောက်ရှိနိုင်မည့် နည်းလမ်းများ စဉ်းစားရွေးချယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊ စာကြည့်တိုက်မဖွင့်လှစ်ရသေးသည့် ကျေးရွာများ၌ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာများနှင့်ညှိနှိုင်းပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ ကျေးရွာများတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား ဖမ်းစက်များ ပိုမိုပြန့်ပွားစေရေး စည်းရုံး ဆောင်ရွက်သွားကြရန် မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် လားရှိုးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံးသို့သွားရောက် စစ်ဆေးပြီး ရုပ်ရှင်ပြစက်နှင့် ဖလင်များ စနစ်တကျ သိမ်းဆည်းထားသိုရန်နှင့် ပံ့မှန်ကြံ့ခိုင်ရေးများ ပြုလုပ်ရန် မှာကြားသည်။

ကြပ်မတ်

ထို့နောက် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ဝန်ကြီးက ထပ်ဆင့်လွှင့်စက်ရုံ၏ လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် ညှိနှိုင်းပြီး လုံခြုံရေး အပြည့်အဝရရှိရေး ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် စက်ရုံဝင်းအတွင်း/အပြင် လောင်စာများရှင်းလင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းမှုများ စနစ်တကျရှိရေး ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်၊ စက်ကိရိယာများ ကြံ့ခိုင်ရေး ပုံမှန်ဆောင်ရွက်ရန်နှင့် ထုတ်လွှင့်ချိန် အပြည့်အဝ ထုတ်လွှင့်နိုင်အောင် အစဉ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

စစ်ဆေး

ယင်းနောက်ဝန်ကြီးသည် လားရှိုးကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး သတင်းစာများ အရည်အသွေး ကောင်းမွန်အောင် ရိုက်နှိပ်ထုတ်ဝေရန်၊ စက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ရန်နှင့် ပိုမို နားလည်တတ်ကျွမ်းအောင် အစဉ် လေ့လာဆောင်ရွက်သွားရန်၊ စက်ရုံ လုံခြုံရေး၊ မီးဘေးလုံခြုံရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲခြင်း၊ ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ဆောင်ရွက်ရန်၊ သင်္ကြန်ကာလအတွင်း စက်တစ်လုံးစီ အလှည့်ကျ ကြံ့ခိုင်ရေး ပြုလုပ်ရာတွင် အသေးစိတ် စစ်ဆေးဆောင်ရွက်ရန်တို့ကို မှာကြား ခဲ့သည်။

(သတင်းစဉ်)

အသက်(၁၇)နှစ်အောက် အာရှလူငယ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးဒိုင်လူကြီးနှစ်ဦးဖြစ်သည့် ဒေါ်စန်းစန်းမြင့်(ကွင်းလယ်ဒိုင်လူကြီး)နှင့် ဒေါ်တင်တင်ညို(အကူဒိုင်လူကြီး)တို့အား ဧပြီ ၁၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၉

လားရှိုးဂေါက်ကွင်းတွင် ဧပြီ ၁၂ရက် နံနက် ၈နာရီက ဦးစိုင်းချစ်အေးသည် ကျင်းအမှတ် ၁၅ ၌ EV ၀၂ အမျိုးအစား ဘောလုံးကို Ping-V ၅၃ အမျိုးအစား သံတုတ်နံပါတ် (၈) ဖြင့် ရိုက်လိုက်ရာ ၁၇၄ ကိုက်အကွာအဝေးရှိ ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ယင်းအချိန်တွင် ကစားဖော်များအဖြစ် ဗိုလ်ကြီးလှမင်း(ငြိမ်း)၊ ဦးအောင်ဇင် (ရွှေနေ)၊ ဦးစိုင်းထွန်းအောင်နှင့် ဘိုဘိုတို့ အတူရှိနေကြကြောင်း သိရသည်။ (က–ပ)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒလမြို့ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၁၄)သစ်စက်လွှပြင်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များစစ်ဆေး တန်ဖိုးမြင့် ကုန်ချောပစ္စည်းများထုတ်လုပ်ရေးမှာကြား

ရန်ကုန် ဧပြီ ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် သန်လျင်မြို့ရှိ အမှတ်(၁၀)သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံစည့်ခန်းမ၌ စက်ရုံမှူး ဦးတင်ဦးက စက်ရုံ၏လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက မြန်မာ့သစ်လုပ်ငန်းနှင့် HANA Marketing Services Co. တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စက်ကိရိယာများ မွမ်းမံပြင်ဆင်ရေးနှင့် အဆင့်မြင့် စက်ကိရိယာများ ဖြည့်တင်းတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တန်ဖိုးမြင့်ကုန်ချောပစ္စည်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ခေတ်မီသစ်ခွဲစက်များ၊ လွှပြင်ရုံနှင့် ပေါင်းဖိုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သစ်ခွဲသားများ သာမက တန်ဖိုးမြင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်ရေး၊ Finger Joint စက်သစ်များ တိုးချဲ့တပ်ဆင်ရေး၊ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်မှစ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒလမြို့ရှိ အမှတ်(၁၄)သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံစည့်ခန်းမ၌ မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးဝင်းလွင်က စက်ရုံ၌ စက်ကိရိယာအသစ်များ တပ်ဆင်ပြီးစီးမှု၊ စက်များ စမ်းသပ်လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် သစ်ခွဲသားများ စမ်းသပ်ခွဲစိတ်မှု၊ လွှပြင်ရုံနှင့်စက်များစမ်းသပ်လည်ပတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ သစ်စက်မှာ မြန်မာ့သစ်လုပ်ငန်းနှင့် Asia World Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော သစ်စက်ဖြစ်ပြီး စက်ကိရိယာအသစ်များ တိုးချဲ့တပ်ဆင်ကာ ထွက်ရှိလာသော ကုန်ချောပစ္စည်းများကို ပြည်ပဈေးကွက်များသို့ တင်ပို့သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ပြေးစစ်ခမ်ဖဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့နှင့် ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်)
မတရားအသင်းကြေညာခြင်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက် အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေ၊ ပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ ဝန်ကြီးအဆင့် အစည်းအဝေး တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေထီးတော်တင်လှူပွဲနှင့် မဟာစည်တရားပွဲ

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနဦးစီး၍ ပဲခူးတိုင်း ပဲခူးမြို့နယ် စာသူငယ်ကျေးရွာ၌ တည်ထားသည့် သောဘနာစေတီတော် ရွှေထီးတော်တင်လှူပွဲ၊ မဟာစည်တရားပွဲများကိုကျင်းပမည်ဖြစ်ရာ ဧပြီ ၂၂ရက်ညတွင် သာသနဓဇ သိရီပဝရဓမ္မာစရိယ ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက မဟာစည်နာယကချုပ် မြစ်သားဆရာတော် ဘဒ္ဒန္တ ဝါသဝ၊ မဟာစည်နာယကဆရာတော် ဓမ္မာစရိယ မုဒုံဆရာတော်ဘဒ္ဒန္တ ကုသလ၊ ဧပြီ ၂၃ရက်ညတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာစည်နာယကအဖွဲ့ဝင် ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ ဗဟုဇနဟိတဓရ သာသနဓဇ ဓမ္မာစရိယ မဟာစည်နာယကအဖွဲ့ဝင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ တို့က ညစဉ် ၇နာရီမှစ၍ ပဲခူးမြို့နယ် စာသူငယ်ကျေးရွာ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။ (သတင်းစဉ်)

တရားတော်များဟောကြားမည်

ရန်ကုန် ဧပြီ ၁၉

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီရင်ပြင်တော်တွင် တရားပွဲများကို ညစဉ်၇နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၁ရက်၌ ရှင်နန္ဒောဘာသာဘိဝံသ၊ ၂၂ရက်တွင် ရှင်ရာဇိန္ဒ၊ ၂၃ရက်တွင် ရှင်ဂါရဝါဘိဝံသ၊ ၂၄ရက်တွင် ဓမ္မစေတီ ရှင်ကောသလ္လ၊ ၂၅ရက်တွင် ဘဒ္ဒန္တ နရပတိ၊ ၂၆ရက်တွင် ရှင်ကဝိဓဇာလင်္ကာရနှင့် ၂၇ရက်တွင် ရှင်အာစာရာလင်္ကာရတို့ ဟောကြားကြမည်ဖြစ်သည်။ (က-ပ)

ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် "နှစ်ဦး" ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် ဒဂုံဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အင်န်၊ ဟာဆန်ဝိရာဂျူဒါ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဧပြီ ၂၀ရက်တွင် ကျင်းပမည့် ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက် ၉နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မှတ်ပုံတင်ခြင်းဥပဒေ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် "စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သောဥပဒေ"နှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ဧပြီ ၂၃ရက်(စနေနေ့)နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ လှိုင်မြို့နယ် MICT Park (Room-205) ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနှစ်ဆန်း ၁ ရက်က ရန်ကင်းမြို့နယ် အမှတ်(၁၆)ရပ်ကွက် အသက်(၈၀)နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဂါရဝပြု ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အပျက်အစီးများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်အနောက်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာ၌ မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင်ပါဝင်သည့် အမေရိကန်တပ်ဖွဲ့ဝင်များ သံတမန်ဆိုင်ရာကင်းလွတ်ခွင့်ရှိဟုဆို

ဘိုဂိုတာ ဧပြီ ၁၇

တက္ကဆက်ပြည်နယ်တွင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုဖြင့် အဖမ်းခံရသည့် အမေရိကန် တပ်ဖွဲ့ဝင်ငါးဦးသည် ဘိုဂိုတာမြို့ရှိ အမေရိကန်သံရုံးမှ ဝန်ထမ်းများဖြစ်ပြီး ၎င်းတို့တွင် အခွင့်ထူးနှင့်သံတမန် ကင်းလွတ်ခွင့်ရှိကြောင်း ကိုလံဘီယာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဝီလျံဝုဒ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်ငါးဦးသည် ကိုကင်းမူးယစ်ဆေးဝါး ၁၆ ကီလိုသယ်ဆောင်၍ ကိုလံဘီယာနိုင်ငံသို့ လာရောက်စဉ် မတ် ၂၉ ရက်က အဖမ်းခံရခြင်း ဖြစ်သည်။

ရှောင်ရှားနိုင်

၎င်းတို့သည် သံရုံးမှ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းအချို့ဖြစ်ပြီး ကိုလံဘီယာနိုင်ငံသို့ ပြန်ပို့ပေးမည့် အလားအလာမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ဝီလျံဝုဒ်က ပြောကြားသည်။

အသိအမှတ်ပြု

ကိုလံဘီယာအစိုးရက မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရာတွင် ပါဝင်ပတ်သက်နေသည့် ၎င်းအမေရိကန်တပ်ဖွဲ့ဝင်များ၏ တရားဝင်အဆင့်အတန်းကို လွန်ခဲ့သည့်ရက်သတ္တပတ်များအတွင်းက အသိအမှတ်ပြုထားခဲ့သည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

၁၉၇၄ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် အမေရိကန်နှင့်ကိုလံဘီယာ နှစ်နိုင်ငံဆိုင်ရာစာချုပ်အရ အမေရိကန်သံရုံးတွင် ယာယီတာဝန်ပေးထားသည့် စစ်ဘက်ဆိုင်ရာဝန်ထမ်းများ၏ အမည်စာရင်းကို သံရုံးက လွန်ခဲ့သည့် ဇန်နဝါရီလက လက်ခံရရှိခဲ့ကြောင်း ဝုဒ်က ပြောကြားသည်။

ယင်းသို့ အဆိုပါ တပ်ဖွဲ့ဝင်များကို အမည် စာရင်းတွင် ဖော်ပြပြီးခဲ့သည့်နောက် ၎င်းတို့၏ တရားဝင် အဆင့်အတန်းအား အသိအမှတ်ပြုပြီး ကင်းလွတ်ခွင့်ရှိကြောင်း သံအမတ်ကြီးက ထပ်လောင်း ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ယူကျုံးမရဖြစ်ဖွယ်ကောင်းကြောင်း၊ သို့ရာတွင် ယင်းအခြေအနေမျိုး ရင်ဆိုင်ကြုံတွေ့ရသည်မှာ ပထမဆုံးအကြိမ် မဟုတ်ကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်သူတိုင်းအား ဥပဒေကြောင်းအရ ဆောင်ရွက်သွားရန် တာဝန်ယူထားပြီးဖြစ်ကြောင်း ဝီလျံဝုဒ်က ပြောကြားသည်။ ကိုလံဘီယာ အထက်လွှတ်တော် အမတ်များက အဆိုပါ အမေရိကန် တပ်ဖွဲ့ဝင်ငါးဦးအား ပြစ်မှုကျူးလွန်သည့် နိုင်ငံသို့ ပြန်လည်ပို့ပေးရန် သမ္မတ အယ်လ်ဗာရိုအူရီဘေး အစိုးရအား တိုက်တွန်းထားသည်။ ၎င်းတပ်ဖွဲ့ဝင်ငါးဦးကို အမေရိကန် ပြည်ထောင်စုတွင် လွှတ်ပေးထားသည်။

ပယ်ချခြင်းမရှိ

သမ္မတအူရီဘေးက ၎င်းတို့အား ယင်းသို့ ပြစ်မှုကျူးလွန်ရာ နိုင်ငံသို့ ပြန်လည်ပို့ပေးရန် အလားအလာကို ပယ်ချခြင်း မရှိခဲ့ပေ။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘာ့ရေနံဝယ်လိုအား မြင့်တက်လာနိုင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ခန့်မှန်း

ဝါရှင်တန် ဧပြီ ၁၇

လာမည့်ဆယ်စုနှစ်များအတွင်းတွင် ကမ္ဘာ့ရေနံဝယ်လိုအားသည် မြန်ဆန်စွာမြင့်တက်လာစရာရှိကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ခန့်မှန်းထားသည်ဆိုသော သတင်းများ ကြာသပတေးနေ့က ထွက်ပေါ်လာသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူများ၏ လူနေမှု အဆင့်အတန်း မြင့်မားလာခြင်းနှင့် ကားပိုင်ဆိုင်သူ ဦးရေများပြားလာခြင်းသည် ရေနံဝယ်လိုအား မြင့်တက်လာရခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း အိုင်အမ်အက်ဖ်က ဖော်ပြထားသည်။

ကမ္ဘာ့ ရေနံဝယ်လိုအားသည် ၂၀၀၄ ခုနှစ်အချိန်က တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၈၂ ဒသမ ၄ သန်းသာရှိခဲ့သည်။ ထိုအခြေအနေမှ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ရေနံဝယ်လိုအားသည် တစ်ရက်လျှင် ရေနံစိမ်းစည် ၁၃၈ ဒသမ ၅ သန်း အဆင့်အထိ ရောက်ရှိလာနိုင်ကြောင်း အိုင်အမ်အက်ဖ်အဖွဲ့မှ စီးပွားရေး ကျွမ်းကျင်သူ အကြီးအကဲ ရာဂူရမ်ရာဂျန်က ပြောကြားသည်။

ဝယ်လိုအား တိုးတက်လာသည့် ပမာဏ၏ လေးပုံတစ်ပုံသော အတိုင်းအတာမှာ တရုတ်နိုင်ငံတွင် ရေနံဝယ်လိုအား တိုးတက်လာခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှင့် လူဦးရေများပြားသော အခြေအနေသည် ဝယ်လိုအား တက်လာရသည့် အကြောင်းရင်းပင် ဖြစ်သည်။

လာမည့် ၂၀၃၀ ပြည့်နှစ် အရောက်တွင် ဖြစ်ပေါ်လာမည့် ကမ္ဘာ့ဈေးကွက် ငွေကြေးဖောင်းပွမှု အခြေအနေကိုပါ ထည့်သွင်းစဉ်းစားပါက ရေနံ၏ ပေါက်ဈေးသည် ရေနံတစ်စည်လျှင် ၃၉ ဒေါ်လာမှ ၅၆ ဒေါ်လာအတွင်း ရှိလိမ့်မည်ဟု ဆိုသည်။

လာမည့်နှစ်များတွင် ရေနံဈေးနှုန်းသည် မြင့်တက်လာစရာရှိသည်။ မိမိတို့သည် ရေနံဈေးတက်သော အဖြစ်ကို ရင်ဆိုင်ကြရမည်ဖြစ်ပြီး ထိုဖြစ်ရပ်၏ ဂယက်ကြောင့် ကမ္ဘာ့စီးပွားရေး အခြေအနေကိုပါ ထိခိုက်လာစရာရှိသည်ဟု ဆိုသည်။

ရေနံလောကတွင် အရန်ရေနံများ ထုတ်လုပ်ပေးနိုင်မည့် အခြေအနေနည်းပါး လာလျက်ရှိသည့်အတွက် ရေနံရောင်းလိုအားပိုင်းတွင် အကျပ်အတည်းရှိနေမည်ဖြစ်သည်။ သို့ဖြစ်၍ ရေနံရောင်းလိုအား အပိုင်းတွင် မမျှော်လင့်သော အခြေအနေများ ပေါ်ပေါက်ခြင်းနှင့် ဝယ်လိုအား ပိုင်းတွင်လည်း အပြောင်းအလဲများ ရှိမည်ဆိုပါက ရေနံစိမ်း ဈေးနှုန်းထိခိုက်စေမည်ဖြစ်ကြောင်း ပညာရှင်များက မှန်းဆထားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင်ဗုံးကွဲ

အများအပြားထိခိုက်ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၁၇

ဘဂ္ဂဒက်မြို့ မင်စွာခရိုင်တွင် ဧပြီ ၁၅ ရက်က ပြင်းထန်သောဗုံး ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ လူအများအပြား ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများက ဆိုသည်။

ထိုပေါက်ကွဲမှုကြောင့် မီးခိုးလုံးကြီး ကောင်းကင်ဆီသို့ လိမ့်တက်လာသည်ကို အဝေးကပင် တွေ့ကြရပြီး အနည်းဆုံး လူလေးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။

အမေရိကန် စစ်ဘက်ယာဉ်တန်းကို ရည်ရွယ်သော ကားဗုံးတစ်လုံး ထိုနေ့နံနက် ၉ နာရီ မိနစ် ၄၀ အချိန်က ပေါက်ကွဲသွားခြင်း ဖြစ်သည်ဟု မျက်မြင်တွေ့ရသူများက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားခဲ့ကြသည်။

ထိုပေါက်ကွဲမှုမတိုင်မီ ရက်ကလည်း အခြားပေါက်ကွဲမှုနှစ်ခု ဘဂ္ဂဒက်မြို့တွင် ဖြစ်ပွားခဲ့သေးသည်။ အဆိုပါပေါက်ကွဲမှုများကြောင့် အနည်းဆုံးလူ ၁၁ ဦး သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပျံကျရပ်ကွက်များတွင်နေထိုင်သည့် ဆင်းရဲသားဦးရေ လျှော့ချနိုင်ရေး ကြိုးပမ်းမည်

နိုင်ရိုဘီ ဧပြီ ၁၇

ကုလသမဂ္ဂ လူ့အခြေစိုက်မှုများ အစီအစဉ် အုပ်ချုပ်ရေးကောင်စီ၏ အကြိမ်(၂၀)မြောက် အစည်းအဝေးမှာ သောကြာနေ့က ပြီးစီးသွားပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပျံကျရပ်ကွက်များ၌ နေထိုင်သူဦးရေ တိုးပွားနေမှု လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်များက ကတိပြုလိုက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂ လူ့အခြေစိုက်မှုများ အစီအစဉ်၏ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ၅၈ နိုင်ငံမှ ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ယခုကျင်းပခဲ့သော အစည်းအဝေးတွင် ဆုံးဖြတ်ချက်ပေါင်း ၂၀ ကို ချမှတ်နိုင်ခဲ့ခြင်းဖြင့် အဖွဲ့ဝင် နိုင်ငံတိုင်းတွင် ဆင်းရဲချမ်းသာမရွေး သာတူညီမျှ နေထိုင်နိုင်မည့် အခြေအနေ တိုးတက် ဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တွန်းအားပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါ အစီအစဉ်၏ အမှုဆောင် ဒါရိုက်တာ အာနန်တီဘေဂျူကာက ပြောကြားသည်။

အကြိမ်(၂၀)မြောက် အစည်းအဝေးတွင် မြို့ပြဒေသများ၌ နေထိုင်သည့် ဆင်းရဲသားများ၏ဘဝ တိုးတက်လာစေရေးအတွက် အာရုံစိုက်ဆွေးနွေးနိုင်ခဲ့ကြကြောင်း၊ ဆင်းရဲမွဲတေမှု လျှော့ချရေး ရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်လာစေရေးအတွက် ကြိုးပမ်းကြရန် ထပ်လောင်း ကတိပြုခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်သည့် ဆင်းရဲသားဦးရေ တိုးတက်လာနေမှု လျော့ကျသွားစေရန် အရေးတယူ ဆောင်ရွက်ကြခြင်းမရှိပါက ယင်းသို့သော ဦးရေသည် ၂၀၅၀ ပြည့်နှစ်ထက် နောက်မကျဘဲ သုံးဆမြင့်တက်လာမည်ဖြစ်ကြောင်း ၎င်းက သတိပေးသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ငြိမ်းချမ်းစွာပူးပေါင်းဆောင်ရွက်မည့် ဆက်ဆံရေး ပါကစ္စတန်နှင့် အိန္ဒိယ ထူထောင်ရန်လိုလား

အစ္စလမ္မာဘတ် ဧပြီ ၁၇

ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့်ငြိမ်းချမ်းသည့် ပူးပေါင်းဆောင်ရွက်ရေး ထူထောင်ရန် လိုလားကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး မက်ဒမ်စူစရိဘတ်ရာက ဧပြီ ၁၅ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့ အကျိုးတူ ဆက်ဆံရေး တိုးတက်လာခြင်းသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူပြုမည့်အပြင် ဒေသတွင် စီးပွားရေးတည်ငြိမ်မှုအတွက်ပါ အကျိုးပြုစေမည်ဖြစ်သည်ဟု ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားသည်ကို နယူးစ် နက်ဝက်အင်တာနေရှင်နယ် သတင်းဌာနက ကိုးကားပြီး ဖော်ပြခဲ့သည်။ ပါကစ္စတန် သမ္မတမူရှာရက်ဖ် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီး မစမီ တစ်ရက်အလိုတွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

၎င်းကမိမိနိုင်ငံသည် တောင်အာရှဒေသနိုင်ငံများအားလုံးနှင့်လည်း အလွန်ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမျိုး ထူထောင်ထားရှိပြီး ဖြစ်ကြောင်းလည်း တစ်ဆက်တည်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်အရှေ့ဘက်တွင် အမေရိကန်စစ်ဘက် သံချပ်ကာကားတစ်စီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းနေသည်ကို ဧပြီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲ ၂နာရီတွင် ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် ဘဏ်ခွဲ(၃) တာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်ဇော်လေးတို့က ဘဏ်ခွဲ(၃) စာရင်းဌာန၊ ငွေကြေးဌာန၊ ငွေလွှဲဌာနနှင့် ငွေလက်ခံကောင်တာများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဘဏ်လုပ်ငန်းများ လျင်မြန်သွက်လက်စွာ ဆောင်ရွက်ရေး၊ ပြည်သူများ စိတ်လက်ချမ်းမြေ့စွာ ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်ရေး၊ ဘဏ်အား သန့်ရှင်းသပ်ရပ်သာယာလှပစေရေး စသည်များကို အသေးစိတ် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန၊ စာရင်းဌာန၊ ပင်စင်ဌာန၊ ဝန်ထမ်းရေးရာဌာန၊ မှုခင်းဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းနှင့် ဒုတိယအထွေထွေ မန်နေဂျာ ဦးလှမြင့်အောင်တို့က လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမ်းနားလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ငွေစုဘဏ်ခွဲ(၂) တာဝန်ခံမန်နေဂျာ ဒေါ်ဇန်ကျင့်ကျိန်က ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးမှ ရောက်ရှိလာသော အငြိမ်းစား လစာများ စာရင်း၊ ငွေစုလက်မှတ် ဌာနစိတ်၊ ရုံးခွဲလယ်ဂျာနှင့် အထွေထွေ စီမံရေးဌာနတို့ကို လိုက်လံရှင်းလင်းပြသတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လသာလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ဘဏ်ခွဲ(၅)သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဘဏ်ခွဲတာဝန်ခံ မန်နေဂျာ ဦးသန်းထွန်းစိုးက ငွေလွှဲလက်မှတ်ဌာန၊ စီမံခန့်ခွဲရေးဌာန၊ စာရင်းဌာန၊ ချေးငွေဌာန၊ ငွေကြေးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထီးတော်တင်လှူပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် အောင်သိဒ္ဓိလမ်း၊ အောင်ဘုန်းပွင့်တောင်အောင်သိဒ္ဓိပါဠိကျောင်းတိုက်တွင် အောင်ဘုန်းပွင့် စေတီတော်မြတ်ကြီးနှင့် အရံစေတီများ ထီးတော်အသစ်တင်လှူပွဲ၊ သိက္ခာထပ်ပွဲနှင့် ဓမ္မပူဇာသဘင် အလှူတော်မင်္ဂလာကို ဧပြီ ၂၃ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဧပြီ ၂၂ရက်ညတွင် မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ဧပြီ ၂၃ရက်ညတွင် ရွှေမြင့်မိုရ်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ ဧပြီ ၂၄ရက်ညတွင် နယ်လှည့် ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရတို့က တရားတော်များ ဟောကြားမည်ဖြစ်၍ စေတနာရှင်များသည် ဖုန်း၀၁-၇၂၂၆၅၁၊ ၀၁-၆၅၀၂၆၈ နှင့် ၀၁-၆၅၀၀၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှိုးဆော်ထားသည်။

(က-ပ)

တီလားပီးယား ငါးဈေးပွဲတော်ကျင်းပမည် ပြခန်းများပြသ၍ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချမည်

ရန်ကုန် ဧပြီ ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် တီလားပီးယား ငါးဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည့် တီလားပီးယား ငါးဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တက်ရောက်

တီလားပီးယား ငါးဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် တီလားပီးယား ငါးဈေးပွဲတော် ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်က ဈေးပွဲတော်ကျင်းပမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ငါးမွေးမြူရေးပညာရှင် ဦးတင်မောင်သန်းနှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်တို့က တီလားပီးယားငါးတွင် ပါဝင်သည့်အာဟာရများ၊ ငါးမွေးမြူခြင်း၊ ကြီးထွားနှုန်း၊ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသူများအား တီလားပီးယားငါးစားဖွယ်ရာများဖြင့် နေ့လယ်စာ တည်ခင်းဧည့်ခံသည်။

ပြခန်းများ

တီလားပီးယား ငါးဈေးပွဲတော်ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း၌ ဧပြီ ၃၀ရက်မှ မေ ၁ရက်အထိ နေ့စဉ် ညနေ ၃နာရီခွဲမှ ည ၈နာရီအတွင်း ကျင်းပသွားမည်ဖြစ်သည်။

ဈေးပွဲတော်တွင် တီလားပီးယားငါးများနှင့် ပတ်သက်၍ သိကောင်းစရာများကို အများပြည်သူတို့အား ပညာပေးပြသနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ပြခန်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းပြခန်း၊ ခေတ်မီငါးစာတောင့်စက်ရုံများပြခန်း၊ ငါးမွေးမြူခြင်းနှင့် ဆက်နွှယ်သည့် ကုမ္ပဏီများပြခန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးသားပေါက်ထုတ်လုပ်သူများ၏ ပြခန်းများကို ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အချက်အပြုတ်ဆိုင်

ထို့အပြင် လက်ရှိအသုံးပြုနေသော ငါးများအစား တီလားပီးယားငါးကို အစားထိုးအသုံးပြု၍ ချက်ပြုတ်နိုင်မည့်နည်းများတွင်ကျယ်ပြန့်ပွားလာစေရန် ရည်ရွယ်၍ ငါးအကင်ဆိုင်နှစ်ဆိုင်၊ တရုတ်နည်းဖြင့် ချက်ပြုတ်မည့်ဆိုင်သုံးဆိုင်၊ မြန်မာ့ရိုးရာထမင်းဆိုင်နှစ်ဆိုင်၊ အိန္ဒိယနည်းဖြင့် ချက်ပြုတ်မည့်ဆိုင်နှစ်ဆိုင်၊ ငါးခေါက်ဆွဲနှင့် ငါးကြေးအိုးဆိုင်သုံးဆိုင်နှင့် မုန့်ဟင်းခါးဆိုင်နှစ်ဆိုင်တို့ကို ဖွင့်လှစ်ရောင်းချပြီး ပြိုင်ပွဲများကျင်းပသွားမည် ဖြစ်သည်။

ဖြန့်ဖြူးရောင်းချမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်လုပ်ငန်းရှင်များ၊ ကိုယ်တိုင်မွေးမြူထုတ်လုပ်သော မျိုးကောင်းမျိုးသန့် တီလားပီးယားငါးများကို အရှင်ရောင်းချသည့်စနစ်၊ရေခဲရိုက်ရောင်းချသည့် စနစ်နှင့် ပြုပြင်ထုတ်လုပ်ပြီးဖြစ်သော အရံသင့်ချက်ပြုတ် စားသောက်နိုင်သည့် ငါးအသားလွှာ၊ ငါးအူချောင်းနှင့် ငါးဆုပ်လုံးတို့ကိုလည်း ဈေးပွဲတော်လာပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်သည့်အပြင် အနုပညာရှင်များကလည်း တေးဂီတများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၉

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်အား မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ ဇေယျသိဒ္ဓိပရိယတ္တိစာသင်တိုက်၊ ဝိဇ္ဇောဒယဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သာသနာ့အောင်ဗိမာန် (သဲအင်းဂူ) ကျောင်းတိုက်တို့မှ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဂုဏ်ပြုပူဇော်ပွဲနှင့် သိက္ခာထပ်ပွဲကို ဧပြီ ၂၄ရက်တွင် သုံးခွမြို့ (၄)ရပ်ကွက် သာသနာ့အောင်ဗိမာန်(သဲအင်းဂူ) ကျောင်းတိုက် မင်္ဂလာဓမ္မာရုံ၌ ကျင်းပမည်ဟုသိရသည်။ (၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ပြည်တွင်းသတင်း
၇း၁၅	အပူဒဏ်၏အန္တရာယ်
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	UEFA Stories Euro 1960-64
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	စပ်မျိုးပြောင်းအမှတ်(၅)
၈း၂၅	နိုင်ငံတကာသတင်း
၈း၃၀	စံပြမူကြိုလေ့ကျင့်မှု အစီအစဉ်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ကျေးစူးတင်ပါတယ် ဒီအိုတီအက်စ်
၉း၁၅	ပြည်တွင်းသတင်း
၉း၂၀	ရုပ်ရှင်အကယ်ဒမီ အကြောင်း သိကောင်းစရာ
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ဒါးကတံတား
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာသတင်း
၁၀း၃၀	Learning English
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ချပ်သင်းဘေးမဲ့တော ရွှေသမင်စာရင်း ကောက်ယူခြင်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	အပိတ်

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အခြေခံစာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၉

စာရင်းပညာလေ့လာလိုသူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်မည့် အခြေခံစာရင်းကိုင်သင်တန်းကို စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ မေ ၁၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် စာရင်းစစ်ချုပ်ရုံးတို့မှ အခြေခံစာရင်းကိုင်ပညာသင်တန်း အောင်လက်မှတ်ရလိုသူများ၊ စိတ်ဝင်စားသူများသည် ဖုန်း-၅၀၃၈၇၃ နှင့် ၅၀၃၅၁၆၊ ၅၀၃၅၁၉ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ပြီး အနိမ့်ဆုံး အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ အမျိုးသမီးများ တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဆင်အန္တရာယ် သစ္စာနှင့်ကာကွယ်

ခြင်ကျား(မအူပင်)

ခြင်ကျားတော်လို့ တတ်လိုရယ်မဟုတ်ပါဘူး။ဖတ်ထားမှတ်ထားတာနဲ့ယှဉ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ သတင်းထုတ်ပြန်ရေးကော်မတီက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)က တစ်ဖက်သတ် စွပ်စွဲဖိအားပေးနေမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းထုတ်ပြန်ချက်ကို ဥပမာတစ်ခုပေးချင်ပါတယ်။ ဒီဥပမာကတော့ ဆင်ကြီးနှစ်ကောင်နဲ့ ဥပမာပေးလိုတာပါ။ ပထမဆင်ကတော့ ငါးရာငါးဆယ် နိပါတ်တော်လာ (မဟာဥ္မမုခ) အတိတ်ဇာတ်ထဲက ဆင်ကြီးနဲ့ ဒုတိယ ဆင်ကတော့ ငါးရာငါးဆယ် နိပါတ်တော်လာ (မာဃ) ဇာတ်ထဲက ဆင်ကြီးပါပဲဗျာ။

ဒီဥပမာကိုမစမီ ဆင်ကြီးတွေအကြောင်း ပြောကြပါစို့။ ILOဆိုတာ ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization) ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉-၄-၄၈ ရက်နေ့မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၈-၅-၄၈ ရက်နေ့မှာ ILOကို ဝင်ရောက်ခဲ့ပါတယ်ဗျာ။

အမည်ရဲ့ အဓိပ္ပာယ်ဖော်ပြချက်အရ ILO ဆိုတာ ကမ္ဘာ့အလုပ်သမားထုရဲ့အကျိုးကို သယ်ပိုးထမ်းဆောင်ရမှာဖြစ်တယ်။ ဒါ့ကြောင့်လည်း မြန်မာနိုင်ငံဟာ ILO ပြဋ္ဌာန်းချက် ၁၉ ချက်ကို အစဉ်လိုက်နာကျင့်သုံး ခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ ILO ဟာ ကျွန်တော်တို့နိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲဆုံးဖြတ် ဖိအားပေးမှုတွေ လုပ်လာခဲ့တယ်။

မူရင်းအစကတော့ ၁၉၉၁ ခုနှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ICFTU က အလုပ်သမားကိုယ်စားလှယ် ၂၅ ဦးဟာ အင်အားကြီးနိုင်ငံအချို့ရဲ့ ပယောဂနဲ့ မြန်မာနိုင်ငံ အပေါ် စွပ်စွဲတိုင်ကြားခဲ့ပါတယ်။ ICFTUဆိုတာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့မှာ အခြေစိုက်တဲ့ အလုပ်သမားအဖွဲ့ဖြစ်ပါတယ်။

ICFTUရဲ့ ၇-၅-၉၉ ရက်နေ့ သတင်းထုတ်ပြန်ချက်အရဆိုရင် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUB ဆိုတဲ့ ပြည်ပြေးအကြမ်းဖက်ဂိုဏ်းကရရှိတဲ့ မမှန်ကန်သော သတင်းအထောက်အထားကို အခြေခံပြီး မြန်မာနိုင်ငံအပေါ် စွပ်စွဲတိုင်ကြားတာလို့ သိရပါတယ်။

ပထမကFTUB ရဲ့ ဥက္ကဋ္ဌဟာ ပြည်ပြေးစိန်ဝင်းဖြစ်ပြီး မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေက အတွင်းရေးမှူး ဖြစ်ပါတယ်။ ပြည်သစ်ညွှန့်ဝေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွှန့်ဝေရဲ့သား ဖြစ်ပါတယ်။

ပြည်သစ်ညွှန့်ဝေဟာ ၁၉၇၇ ခုနှစ်က ဘူမိဗေဒဘွဲ့ရပြီး အဲဒီနှစ်မှာပဲ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှာ အလုပ်ဝင်လုပ်ခဲ့ပါတယ်။ ၉-၆-၈၆ မှ ၃၁-၁၁-၈၆ အထိ နိုင်ငံတော်စရိတ်နဲ့ ဂျာမနီနိုင်ငံ လက်ဝတ်ရတနာသင်တန်းကို တက်ရောက်ခွင့်ရရှိခဲ့တယ်။

၁၉၈၈ ခုနှစ်မှာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရဲ့ သံတမန်ကုန်တိုက်က လက်ဝတ်ရတနာ ပျောက်ဆုံးလျော့နည်းမှုတစ်ခု ဖြစ်ခဲ့တယ်။ သက်ဆိုင်ရာက စစ်ဆေးတဲ့အခါ ပြည်သစ်ညွှန့်ဝေ ပါဝင်ပတ်သက်နေတာကို တွေ့ရတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းလည်း ရောက်လာရော ပြည်သစ်ညွှန့်ဝေက သူခိုးကလူလူပြီး လက်သီးလက်မောင်း ထတန်းတော့တာပါပဲဗျာ။

ပြည်သစ်ညွှန့်ဝေကို သက်ဆိုင်ရာက ကျောက်တံတားမြို့နယ် ရဲစခန်းမှာ (ပ) ၁၄၆၈/၈၈ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)အရ အမှုဖွင့် အရေးယူခဲ့တယ်။ ပြည်သစ်ညွှန့်ဝေဟာ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းမရှိလို့ ၁၃-၁၂-၈၈ ရက်နေ့မှာ ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်ဗျာ။

တရားခံပြေး၊ ဝရမ်းပြေးများဟာ တစ်ဖက်နိုင်ငံကို ရောက်သွားကြတဲ့အခါ ပထမဆုံးပြည်ပြေးဘဝကို ခံယူရပါတယ်။ ပြည်ပမှာ အသက်မွေးဝမ်းကျောင်းဖို့ ငွေလည်းလွယ်လွယ်ရ၊ လူရာလည်းဝင်အောင် မိခင်နိုင်ငံနဲ့ တည်ဆဲအစိုးရအပေါ် တိုင်းဖျက်ပြည်ဖျက်ကိစ္စတွေကို အစွမ်းကုန် လုပ်ပြကြရပါတယ်။ အမည်ပေါင်းစုံခံပြီး နှစ်ယောက်တစ်ပိုင်းနဲ့ အသင်းအပင်းတွေ ဖွဲ့ပြကြရပါတယ်။

ဒီလိုနည်းနဲ့ ပြည်သစ်ညွှန့်ဝေဟာ အလုပ်သမားအဖွဲ့အမည်တပ်ပြီး အမိနိုင်ငံအပေါ် အလုပ်သမားရေးရာနဲ့ ပတ်သက်တဲ့ မမှန်မကန်စွပ်စွဲချက်တွေ လုပ်ကြံပြုလုပ်ပြီး တစ်ပတ်ရိုက်စားနေပါတယ်။ ပြည်သစ်ညွှန့်ဝေကမြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေး မရရှိဘူးပြောနေ၊ စွပ်စွဲနေချိန်မှာ၊ ပြည်ပကနေ နိုင်ငံတော် ဆန့်ကျင်ရေးကို လုပ်နေချိန်မှာ သူ့ရဲ့ဇနီးကို နိုင်ငံတော်က အလုပ်သမားတစ်ယောက် ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ မဆုံးရှုံးစေခဲ့ပါဘူးတဲ့ဗျာ။ ပြည်သစ်ညွှန့်ဝေရဲ့ဇနီး ဒေါ်အေးမျိုးနိုင်ဟာ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှာ ဌာနစုမှူးတာဝန်ထမ်းဆောင်နေခဲ့ပါတယ်။

FTUB ကပြည်သစ်ညွှန့်ဝေဟာ NCGUB က ဝရမ်းပြေးစိန်ဝင်းနဲ့ မသူတော် ချင်းသတင်းလွေ့လွေ့ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း အလုပ်သမားရေးရာကိစ္စ လုပ်ဆောင်ဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်းအချို့နဲ့ ချိတ်ဆက်ပြီး ထိုင်းနိုင်ငံဗန်ကောက်မြို့မှာ အခြေစိုက်ရင်း အဖျက်လုပ်ငန်းတွေဆောင်ရွက်ခဲ့ပါတယ်။

ပြည်ပြေးလူလည်တစ်သိုက်ဖြစ်တဲ့ FTUB ကို နေရာပေးဆက်ဆံရုံသက်သက် မဟုတ်ဘဲ အဖျက်အမှောင့်အကြမ်းဖက် လုပ်ရပ်တွေလုပ်ကိုင်ဖို့ ကူညီအားဖြည့်ပေးနေတဲ့ အဖွဲ့အစည်းလေးဖွဲ့ ရှိပါတယ်။

သူတို့ကတော့ အပြည်ပြည်ဆိုင်ရာလွတ်လပ်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ICFTU၊ အမေရိကန် အလုပ်သမားအဖွဲ့ချုပ်နှင့် စက်မှုအဖွဲ့များကွန်ဂရက် AFL-CIO၊ လွတ်လပ်သော အာရှ-အမေရိကန် အလုပ်သမားအဖွဲ့ AAFLI နဲ့အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအလုပ်သမားသမဂ္ဂ ITF တို့ပဲဖြစ်ပါတယ်။

FTUB က မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှု တွေရှိနေတယ်လို့ မဟုတ်မမှန်စွပ်စွဲပြီး ILO ကိုတင်ပြတိုင်ကြားတဲ့အခါ ပြောခဲ့တဲ့ အလုပ်သမားအဖွဲ့အစည်းတွေအပြင် ပြည်ပနိုင်ငံကြီးအချို့ကပါ ဝိုင်းပြီး ဖိအားပေးခဲ့ကြပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံခြားထောက်ပံ့ငွေများထဲက မြန်မာနိုင်ငံမှာ ဒီမိုကရေစီလှုပ်ရှားမှုလို့ အမည်ခံထားတဲ့အစိုးရကို ဆန့်ကျင်တဲ့လုပ်ငန်းများအတွက် ၁၉၉၆ ဘဏ္ဍာရေးနှစ်စပြီး ခွဲဝေထောက်ပံ့ခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ NED (National Endowment Democracy)က ၁၉၈၉ခုနှစ် ဇန်နဝါရီလမှာ ဝရမ်းပြေးစိန်ဝင်းနဲ့ ဖောက်ခွဲဖျက်ဆီးရေးအကြမ်းဖက်သမားပြည်သစ်ညွှန့်ဝေခေါင်းဆောင်တဲ့ FTUB ကို အမေရိကန်ဒေါ်လာသုံးသိန်းခွင့်ပြုထောက်ပံ့ခဲ့ပါတယ်။

မြန်မာနိုင်ငံအစိုးရရဲ့ ကိုယ်စားလှယ်များကို ကုလသမဂ္ဂမှ ဖယ်ရှားပစ်ရေးအတွက် အမေရိကန် အောက်လွှတ်တော်က ပထမခြေလှမ်း စတင်ခဲ့တဲ့အချိန်နဲ့ တစ်ပြိုင်တည်းမှာပဲ အင်္ဂလန်နိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Derek Petchett ကလဲ မြန်မာနိုင်ငံအား အလုပ်သမားအဖွဲ့မှ ဖယ်ရှားရေးကို ကြိုးပမ်းမယ်လို့ထုတ်ပြန်ချက် တစ်ရပ်ပြုလုပ်ခဲ့ဖူးပါတယ်ဗျာ။

၂၇-၆-၉၈ရက်က ILO စုံစမ်းရေးကော်မရှင်ကို တင်သွင်းဖို့ရည်ရွယ်ပြီး Hearing on Forced Labour in Burma ကြားနာစစ်ဆေးမှုတစ်ရပ်ကို အမေရိကန် အလုပ်သမားဝန်ကြီးဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီကြားနာမှုမှာ အမေရိကန်အလုပ်သမားဝန်ကြီးဌာနက နိုင်ငံတကာဆိုင်ရာ လက်ထောက် အလုပ်သမားဝန်ကြီး Andrew Samet နဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန Bureau of Democracy, Human Right and Labour မှ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Gare Smith တို့ ဦးဆောင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို NCGUB မှ ဘိုလှတင့်၊ FTUB မှ ဝင်းနိုင်၊ အမေရိကန် အလုပ်သမားသမဂ္ဂတစ်ခုဖြစ်တဲ့ AFL-CIOမှ လက်ထောက် ညွှန်ကြားရေးမှူး Philip Fishman အပါအဝင် စာတမ်းတွေ ဖတ်ကြားတင်သွင်းခဲ့ကြဖူးပါတယ်။ FTUB အကြမ်းဖက်ဂိုဏ်းက ကိုယ်စားလှယ်ဝင်းနိုင် ဆိုသူဟာ အလုပ်အကိုင် မည်မည်ရရ,ရှိသူ တစ်ယောက်မဟုတ်ဘဲ လက်ဖြန့်တောင်းရမ်းစားသောက်ရာက အမေရိကန်အစိုးရရဲ့ Department of Labour မှ တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၄၀၀နဲ့ အလုပ်တစ်ခု ပေးတာခံရပါတယ်။

ပြည်ပမှာအခြေချနေတဲ့ FTUB ဟာ အလုပ်သမားအဖွဲ့လို့ အမည်ခံထားပေမယ့် ပြည်တွင်းကိုဝင်ရောက်ပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းတွေလုပ်ဖို့ ဦးဆောင်မှုပေးခဲ့ပါတယ်။ ပြည်သစ်ညွှန့်ဝေဟာ ဗန်ကောက်ဖုရာထိုင်းရပ်ကွက်မှာနေထိုင်တဲ့ မြင့်အောင် (ခ) ပြောင်ကြီးမှတစ်ဆင့် မျိုးအောင်သန့်နဲ့ ဆုံခဲ့ပါတယ်။ ပြည်သစ်ညွှန့်ဝေက မျိုးအောင်သန့်ကို စည်းရုံးပြီး ဝရမ်းပြေးစိန်ဝင်းနဲ့ပေါင်းကာ ပြည်တွင်းမှာ ဆူပူမှုပေါ်ပေါက်လာစေရေး၊ အလုပ်သမားအရေးအခင်းတွေ ပေါ်ပေါက်စေရေးနဲ့ ဖောက်ခွဲဖျက်ဆီးရေးတွေ လုပ်ဖို့အတွက် ပြည်တွင်းမှာ အမာခံတွေ စုဆောင်းရွေးချယ်ခဲ့ပါတယ်။

ပြည်သစ်ညွှန့်ဝေရဲ့ ညွှန်ကြားချက်အရ လျှပ်စစ်ထမင်းပေါင်းအိုးထဲကို C. 3အမျိုးအစား ယမ်းပျော့ရှစ်တောင့်၊ Blasting Cap (ဒီတိုနေတာ) ၁၀ခု၊ Acrylic Lacquer နှစ်ဘူး၊ Industrial Lacquer နှစ်ဘူး၊ Aluminiun Powder နှစ်ဘူး၊ ယမ်းကြိုးငါးပေ ၁၀ လက်မတစ်ခွေ၊ ယမ်းကြိုးနှစ်ပေ တစ်လက်မ တစ်ခွေကို ထည့်ပြီး ကော့သောင်းမှတစ်ဆင့် ရန်ကုန်ကိုပို့ဖို့စီစဉ်ခဲ့ပါတယ်။

မျိုးအောင်သန့်ဟာ ပြည်သစ်ညွှန့်ဝေ၊ သန်းလွင်၊ အေးမောင်၊ ခင်ကျော်တို့နဲ့ ၄-၆-၉၇ ရက်နေ့က ထိုင်းနိုင်ငံမှာ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ ဒီဆွေးနွေးပွဲက ၂၆-၆-၉၇ ရက်နေ့ ရန်ကုန်မြို့မှာ အလုပ်သမား ဆူပူမှုတွေဖြစ်အောင် လှုံ့ဆော်ဖို့၊ နိုင်ငံအကြီးအကဲတွေကို လုပ်ကြံဖို့၊ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံခြားသံရုံးတွေထဲက တရုတ်သံရုံးနှင့် အင်ဒိုနီးရှားသံရုံးကို ပစ်မှတ်ထားဖျက်ဆီးဖို့၊ ရန်ကုန်မြို့လယ်ရှိ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ တယ်လီဖုန်းလိုင်းတွေကို ဖောက်ခွဲဖျက်ဆီးဖို့ စီစဉ်ခဲ့ကြပါတယ်။

ပြည်သစ်ညွှန့်ဝေရဲ့ ခိုင်းစေချက်အရ မျိုးအောင်သန့်ဟာ ၁၃-၇-၉၇ ရက်နေ့မှာ ဗန်ကောက်မှ ရန်ကုန်ကို ဝင်ရောက်ခဲ့ရာမှာ မျိုးအောင်သန့်နဲ့အတူ ကြံဖော်ကြံဖက်တွေကို သက်ဆိုင်ရာက အချိန်မီ ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေကိုတော့ ကော့သောင်းမြို့မှာ သိမ်းဆည်းခဲ့ပါတယ်။

ဝရမ်းပြေးတွေဖြစ်တဲ့ ပြည်ပြေးစိန်ဝင်း၊ စိုးပိုင်နဲ့ ဗန်ကောက်မှာနေတဲ့ ပြည်သစ်ညွှန့်ဝေတို့က မျိုးအောင်သန့် အဖမ်းမခံရမီ ရန်ကုန်ကိုရောက်နေတဲ့ မျိုးအောင်သန့်ကို Satellite Phone နဲ့ ဆက်ပြီး (မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUB) ဆိုတဲ့အမည်နဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ နိုင်ငံရေးလုပ်ငန်းတွေကို လုပ်ခဲ့ပါတယ်။

ဒီလုပ်ရပ်တွေထဲက တစ်ခုကတော့ ၅-၁၂-၉၆ ရက်နေ့မှာ အမေရိကန်အလုပ်သမားသမဂ္ဂကိုယ်စားလှယ် နှစ်ဦးဖြစ်တဲ့ John J.Sweeny, Bill Jordanတို့နှင့်ဆက်သွယ်ပြီး အဲဒီပုဂ္ဂိုလ်တွေ ဒေါ်စုကြည်နဲ့တွေ့ဆုံစေဖို့ကို မျိုးအောင်သန့်က စီစဉ်ခဲ့ပါတယ်ဗျာ။ မြန်မာနိုင်ငံ လာရောက်ပြီး အလုပ်သမားရေးရာကို လေ့လာတဲ့ John Osolinck လာခဲ့တဲ့အခါ ဒေါ်လာနဲ့ပစ္စည်းတွေကို ဒေါ်စုကြည်ထံလာပို့ရေးကိုလဲ မျိုးအောင်သန့်က ဦးဆောင်စီစဉ်ခဲ့တာပါပဲ။

၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တုန်းကလည်း ပြည်သစ်ညွှန့်ဝေရဲ့ စီစဉ်မှုနဲ့ ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ရန်ကုန်မြို့ကို တိတ်တဆိတ်ရောက်လာခဲ့ကြပြန်ပါတယ်။ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ရောက်ရင် ရန်ကုန်မြို့ထဲမှာ ငါးနေရာသတ်မှတ်ပြီး ဖောက်ခွဲဖျက်ဆီးဖို့ တိုင်ပင်နေဆဲမှာ သက်ဆိုင်ရာက အဖျက်သမားတွေကို အချိန်မီ ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဒီဖြစ်စဉ်မှာ မင်းကြည် (ခ) နိုင်မင်းကြည်နဲ့ ရွှေမန်း (ခ)ဇေယျာဦးတို့ကို ပြည်သစ်ညွှန့်ဝေက ၂၀၀၃ ခုနှစ် မတ်လအတွင်း ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ တွေ့ဆုံပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းအပြင် ပြည်တွင်းမှာ အဖွဲ့ငယ်တွေဖွဲ့ပြီး သတင်းစုဆောင်းဖို့အတွက် ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်းနဲ့ ငွေကြေးထောက်ပံ့ခဲ့ပါတယ်။

မကြာသေးခင်က NLD(LA), ABSDF, NCUB, FTUB နဲ့ ဗကပ (UG) ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ပြည်တွင်းကိုဝင်ရောက်နေကြောင်း သက်ဆိုင်ရာက ကြိုတင်သတင်းရရှိခဲ့တယ်။ သတင်းရရှိတဲ့အတိုင်းပဲ ၅-၂-၂၀၀၅ ရက်မှာ ABSDF က အကြမ်းဖက်ဖောက်ခွဲရေးသမားဝင်းအောင်ကို တနင်္သာရီမြို့မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ တစ်ဆက်တည်း တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်မှာ ဖောက်ခွဲဖျက်ဆီးရေ ကိရိယာနဲ့ ချိန်ကိုက်မိုင်းကို သိမ်းဆည်းရမိခဲ့ပါတယ်။

နောက်ပြီး ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်နေ့က တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း ပေါက်ကွဲမှုနဲ့ မတ်လ ၁၉ ရက်နေ့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း PANORAMA ဟိုတယ်မှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။

ဒီဖြစ်စဉ်တွေအရ FTUB က ပြည်သစ်ညွှန့်ဝေဟာ အကြမ်းဖက်ဖောက်ခွဲရေးသမားဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလှပါတယ်။ ၂၀၀၄ ခုနှစ် မေလ ၃ ရက်မှ ၈ ရက်နေ့အထိ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ် တစ်နေရာမှာ NCUB အဖွဲ့ရဲ့ သတ္တမအကြိမ်မြောက် အစည်းအဝေးကို ကျင်းပခဲ့တယ်။ NCUB ဟာ နိုင်ငံတော်ကို ဆန့်ကျင်ကြတဲ့ DBA, NLD (LA), FTUB စတဲ့ ပြည်ပြေးတွေ စုပေါင်းထားတာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ FTUBက ပြည်သစ် ညွှန့်ဝေဟာ အတွင်းရေးမှူးရာထူး ရသွားခဲ့ပါတယ်။ ပြည်သစ်ညွှန့်ဝေကသူ NCUB မှာ အတွင်းရေးမှူးတာဝန်ယူချိန်ကစပြီး မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေနှင့် ပတ်သက်ပြီး ပြည်တွင်း ပြည်ပ ထူးခြားမှုတွေရှိလာအောင် ဖောက်ခွဲဖျက်ဆီးရေးအပါအဝင် အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ဆောင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီလို ပြည်သစ်ညွှန့်ဝေကြွေးဝါပြီး မကြာမီ ၂၀၀၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့က ရန်ကုန် မီးရထားဘူတာကြီးဝန်းကျင်မှာ မိုင်းထောင်ဖောက်ခွဲမှုနှင့် မိုင်းတွေ ဖော်ထုတ်သိမ်းဆည်း နိုင်ခဲ့ပါတယ်။

ILO ဟာ ပြည်ပြေးအကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမား ပြည်သစ်ညွှန့်ဝေကြောင့် မူလရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံရေး အသွေးအရောင်မပါတဲ့ အလုပ်သမားရေးရာကိစ္စတွေကို မျက်ကွယ်ပြုမိသွားတာ ဖြစ်ပါလိမ့်မယ်။

မြတ်ဗုဒ္ဓရဲ့ ငါးရာငါးဆယ်နိပါတ်တော်လာ (မဟာဥ္မမုခ) အတိတ်ဇာတ်မှာ မဟာဥ္မမုခ မင်္ဂလာဆင်ဟာ ယဉ်ကျေးသိမ်မွေ့တဲ့ ဆင်ကြီးဖြစ်ပါတယ်တဲ့ဗျာ။ ယဉ်ကျေးသိမ်မွေ့တဲ့ မင်္ဂလာဆင်ကြီးဟာ ရုတ်တရက် စိတ်ရိုင်းစိတ်မိုက်တွေ ဝင်လာပြီး ဆင်ထိန်းရဲ့အသက်ကို သတ်ဖြတ်တဲ့အထိ ဖြစ်လာခဲ့တယ်။

ဒီအခါ ဆင်ပိုင်ရှင် ဗြဟ္မဒတ်မင်းကြီးက မဟာဥ္မမုခ မင်္ဂလာဆင်ကြီး ရုတ်တရက် စိတ်ရိုင်းစိတ်မိုက် ဝင်လာရခြင်းကိစ္စကို စုံစမ်းဖို့ ဘုရားလောင်းပညာရှိ အမတ်ကြီးကို တာဝန်ပေးခဲ့ပါတယ်။ ဘုရားအလောင်း ပညာရှိအမတ်ကြီးက စုံစမ်းတော့ ညအခါ ဆင်တင်းကုပ်အနီးမှာ သူခိုး၊ ဓားပြတွေက သတ်ဖို့ဖြတ်ဖို့၊ ဒုစရိုက်ကျူးလွန်ဖို့ မကြာခဏလာရောက်တိုင်ပင်ကြတယ်။ လိမ္မာယဉ်ကျေးတဲ့ မင်္ဂလာဆင်ကြီး မဟာဥ္မမုခဟာ သူခိုးဓားပြတွေစကားကြားဖန်များတော့ စိတ်ရိုင်းစိတ်မိုက်တွေ ဝင်လာပြီး မြင်သမျှရန်ပြုဖို့ကြိုးစားခဲ့တာ ဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရပါတယ်ဗျာ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ ခုနှစ် မတ်လ ၁၅ ရက်နေ့ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာမှာ **"ILO သည် မြန်မာနိုင်ငံ၏ အခြေအနေမှန်၊ ဆောင်ရွက်မှုအမှန်၊ သတင်းမှန်များနှင့် ၅၄ သန်းသော ပြည်သူများနှင့် ပြည်သူအများကို ကိုယ်စားပြုပြီး ဆောင်ရွက်နေကြသည့် ပြည်တွင်းရှိ NGO အဖွဲ့များ၏ ဆန္ဒသဘောထားမှန်၊ ဆောင်ရွက်ချက်မှန်များကို အခြေမခံဘဲ လက်တစ်ဆုပ်စာ ပြည်ပြေးများ၊ နယ်စပ်ဒေသရှိ သောင်းကျန်းသူများ အပါအဝင် FTUB ထံမှ မမှန်မကန် လုပ်ကြံသတင်းများကိုသာ အခြေခံနေတာ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း"** ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ဗုဒ္ဓဘုရားရှင်က "မဟာဥ္မမုခ"ဇာတ်တော်မှာ **ပုရာဏ ခေါ်ရာန ဝခေါနိသမ္မ၊ မဟိဥ္မမုခေါ ပေါထယ မန္တ စာရီ** မဟာဥ္မမုခ ဆင်ယဉ်ကျေးဟာ ခိုးသူရဲ့စကားကို ကြားမိပြီး အတုလိုက်ကျင့်မိတယ်လို့ ဟောကြားခဲ့ပါတယ်။ ILO ဟာ နိုင်ငံတော်အစိုးရရဲ့ မှန်ကန်တဲ့ဖြေရှင်းမှုကို နားမဝင်ဘဲ ခိုးသူရဲ့စကား (FTUB ရဲ့စကား) ကို နားယောင်ပြီး တစ်ဖက်သတ်စွပ်စွဲ ဖိအားပေးကာ နင်းချေဖို့ ကြိုးစားနေခဲ့တာဖြစ်ပါတယ်။

ILO က အပြစ်မြင်နေတဲ့ ၁၉၀၇ ခုနှစ် မြို့များအက်ဥပဒေနဲ့ ၁၉၀၈ ခုနှစ် ကျေးရွာ အက်ဥပဒေဆိုတာတွေဟာ မြန်မာနိုင်ငံအစိုးရတွေက ပြဋ္ဌာန်းခဲ့တာ မဟုတ်ပါဘူးဗျာ။ နယ်ချဲ့ခေတ်မှာ ဗြိတိသျှအစိုးရက သူတို့ရဲ့ ကိုလိုနီအာဏာစက် ဖြန့်ကြက်ဖို့အတွက် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ကျင့်သုံးခြင်းမပြုဖို့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းများထံ ညွှန်ကြားတဲ့ အမိန့်အမှတ် (၁/၉၉)ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ၁၄-၅-၁၉၉၉ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက တိုင်းရင်းသားပြည်သူတွေရဲ့ စုပေါင်းဆောင်ရွက်တတ်ကြတဲ့ ဓလေ့ဟာ အမျိုးသားစရိုက် National Pride ဖြစ်ပါတယ်။ လုပ်အားကို အခမ့ဆင့်ဆိုစရာမလိုဘဲ ရပ်မှုရွာမှုတွေမှာ တက်ညီလက်ညီဆောင်ရွက်တတ်တဲ့ ဓလေ့ကို စုံမက်ပျော်မွေ့ခဲ့ကြပါတယ်။ နေအိမ်တစ်အိမ် ခနိုမိုးရင်တောင် တစ်ရွာလုံး ကူညီတတ်ကြတဲ့ အမျိုးသားစရိုက်ကို အခမ့လုပ်အားစေခိုင်းမှုဆိုတဲ့ ပေတံနဲ့ တိုင်းလို့ကတော့ သဘာဝကျနိုင်ပါ့မလားဗျာ။

ငါးရာငါးဆယ် နိပါတ်တော်လာ "မာဃ"ဇာတ်တော်မှာ မောင်မာဃနဲ့ အပေါင်းပါတွေဟာ စုပေါင်းလုပ်အားဒါနပေးလှူပြီး လမ်းဖောက်၊ တံတား ဆောက်စတဲ့ရပ်ရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် ရွာသူကြီးရဲ့ မမှန်မကန် စွပ်စွဲတိုင်ကြားမှုကို ဗြဟ္မဒတ်မင်းက ယုံကြည်မိပြီး မောင်မာဃနဲ့ အပေါင်းပါတွေကို ဆင်နဲ့နင်းသတ်ဖို့ အမိန့်ထုတ်ခဲ့ပါတယ်။

လူသတ်ကွင်းမှာ အရက်ကိုးမောင်း တိုက်ထားတဲ့ ဆင်ကြီးနဲ့ မောင်မာဃတို့တစ်တွေကို သတ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒီအခါ မောင်မာဃက ဦးဆောင်ပြီး သစ္စာပြုကြလို့ ဆင်အန္တရာယ်က ကင်းငြိမ်းချမ်းသာခဲ့ရဖူး ပါတယ်။

ILO က **"အဓမ္မစေခိုင်းမှု ပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် ၂၉ အကောင်အထည်ဖော်ရေး လုပ်ငန်းများမှတစ်ပါး မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှမပေးရန်၊ ILO က ကြီးမှူး ကျင်းပသည့် အစည်းအဝေး စာတမ်းဖတ်ပွဲများသို့ မြန်မာနိုင်ငံအား ဖိတ်ကြားခြင်းမပြုရန်"** ဆိုတဲ့ တစ်ဖက်သတ် စွပ်စွဲဖိအားပေးဆုံးဖြတ်ခြင်းဟာ မဟာဥ္မမုခဇာတ်နဲ့ မာဃဇာတ်နဲ့ယှဉ်ပြီး ဥပမာပေးဖို့ ဖြစ်ပေါ်လာပါတယ်။

မဟာဥ္မမုခ မင်္ဂလာဆင်ယဉ်ကြီးဟာ သူခိုးဓားပြတွေရဲ့ အဓမ္မစကားကိုကြားပြီး ဆင်ထိန်းတွေကို သတ်ဖြတ်ခဲ့ပါတယ်။ မာဃဇာတ်တော်မှာလည်း မောင်မာဃနဲ့ အပေါင်းပါတွေကို ရွာသူကြီးရဲ့ ချောသွေ့စကား ယုံမှားပြီး ဗြဟ္မဒတ်မင်းကြီးက ဆင်နဲ့ နင်းသတ်ဖို့ အမိန့်ထုတ်သလို ဖြစ်နေပါတယ်ဗျာ။

ဒါ့ကြောင့် နိုင်ငံတော်အစိုးရဦးဆောင်တဲ့ မြန်မာပြည်သူတွေဘက်က လုပ်ရပ်မှန်၊ ဆန္ဒမှန်၊ ဖြစ်ရပ်မှန်၊ သဘောထားမှန်ဆိုတဲ့ သစ္စာတရားများကို ရင်မှာပွားပြီး **"ဆင်အန္တရာယ် သစ္စာနှင့် ကာကွယ်ကြပါစို့"**လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်ဗျာ။ ။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံအားကြိုဆိုဂုဏ်ပြု လှုံ့ဆော်ရေးမြေစိုက်ပိုစတာများဖွင့်လှစ်ပွဲအခမ်းအနားများကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅ ခုနှစ်)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် "မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅ခုနှစ်)" လှုံ့ဆော်ရေးမြေစိုက်ပိုစတာများ ဖွင့်လှစ်ပွဲအခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ လှုပ်ရှားမှုအဖြစ် သဃ်န်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်း၊ ဒဂုံနှင့် မရမ်းကုန်းမြို့နယ်များ၌ ကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားရုံရှေ့၌ စိုက်ထူထားသည့်လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင် လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်ဘူတာကြီးရှေ့၌စိုက်ထူထားသည့်လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီ ၁၅မိနစ်တွင်လည်းကောင်း ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တိုင်း၊ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး လှုံ့ဆော်ရေး မြေစိုက်ပိုစတာများကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အလားတူ ရန်ကုန် အနောက်ပိုင်းခရိုင်ရှိဗဟန်းမြို့နယ်ဦးထောင်ဗိုလ်အဝိုင်းအနီး၌ စိုက်ထူထားသည့်လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို နံနက် ၈နာရီ ၂၅မိနစ်တွင် လည်းကောင်း၊ ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့၌ စိုက်ထူထားသည့် လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကိုနံနက်၈နာရီ ၃၅မိနစ်တွင် လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင် လမ်းဆုံအနီး၌ စိုက်ထူထားသည့်လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို နံနက် ၈နာရီ မိနစ် ၅၀တွင် လည်းကောင်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာရှေ့၌ စိုက်ထူထားသည့် လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို နံနက် ၉နာရီတွင် လည်းကောင်း ကျင်းပရာ တိုင်း၊ ခရိုင်နှင့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး တိုင်းဥက္ကဋ္ဌက လှုံ့ဆော်ရေး မြေစိုက်ပိုစတာများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅ခုနှစ်)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ လှုပ်ရှားမှု မြေစိုက်ပိုစတာများဖွင့်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီး တင်စိုး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပဂိုလ်တော်နှင့် မေတ္တာဘာဝနာများ ရန်ကုန်မြို့ပေါ် ရဟတ်ယာဉ်ဖြင့် လှည့်လည်ရွတ်ဆို

ရန်ကုန် ဧပြီ ၁၉

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သော ဧပြီ ၁၇ရက် နံနက် ၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီး ကိုးပါးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာတိုးပွားစေခြင်းအကျိုးငှာလည်းကောင်း၊ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်းပါစေခြင်း အကျိုးငှာလည်းကောင်း ရန်ကုန်မြို့တော်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များပေါ်သို့ ကောင်းကင်ယံမှ ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ ပဂိုလ်တော်နှင့် မေတ္တာဘာဝနာများ ရွတ်ဆိုပွားများတော်မူကြပြီး ပဂိုလ်ရေစင်များ သွန်းဖျန်းတော်မူကြသည်။ (သတင်းစဉ်)



ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ (၂၅)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲကို ဘုရင့်နောင်ရှိ ရုံးချုပ်တွင် ဧပြီ၁၇ရက်က ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ သံဃာတော်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကြစဉ်။ (၆၃)

ပုစွန်မွေးမြူရေး ပထမအကြိမ် ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဧပြီ ၁၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း၏ Vannameiပုစွန်မွေးမြူရေး ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ဦးတင်မောင်သန်းက Myanmar Shrimp Farming Chainging Paradigm ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဦးစိုးထွန်းက Culture of P. Vannamei Lessons tobeLearnedခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ပြသည်။ (သတင်းစဉ်)

အထက်ဌာပနာပိတ်ပွဲနှင့် ဝိသိဋ္ဌပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ပေါ်၌ တည်ထားကိုးကွယ်ထားသည့် ပန်းတစ်ပွင့်တောင်ဘုရားနှင့် ယက္ခတောင်ဘုရားအထက်ဌာပနာပိတ်ပွဲနှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ပန်းတစ်ပွင့်တောင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာသာရအား တပည့်ဒါယကာ၊ ဒါယိကာမများက ဝိသိဋ္ဌပူဇော်ပွဲကို တန်ခူးလပြည့် ဧပြီ ၂၃ရက်(စနေနေ့)တွင် ပန်းတစ်ပွင့်တောင်၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (သတင်းစဉ်)

မလွန်ဆန်လှူအသင်း တရားပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

မလွန်ဆန်လှူအသင်း၏ တရားပွဲနှင့် ဓမ္မစကြာပူဇော်ပွဲကို မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်၊ လမ်းသစ်လမ်း၊ ဇေယျာသီရိကျောင်းတိုက်၌ ဧပြီ ၂၂ရက်မှ မေ ၅ရက်အထိ ကျင်းပမည်ဖြစ်ရာ အရှင်ဂါရဝါဘိဝံသ၊ အရှင်ဇဝန၊ အရှင်ပညာဝံသ၊ အရှင်အာစာရာလင်္ကာရ၊ အရှင်ကောသလ္လ၊ အရှင်ပညာနန္ဒ၊ အရှင်ကဝိဓဇာလင်္ကာရ၊ အရှင်ကုန္ဒက၊ အရှင်ပညာသာရ၊ အရှင်သုစိတ္တနှင့် အရှင်စန္ဒောဘာသတို့က ညစဉ် ၈ နာရီမှ စတင်၍ တရားတော်များဟောကြားမည်ဖြစ်သည်။ (က-ပ)

ဧပြီလတတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဧပြီ ၁၉

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲထက် ပိုပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီ အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်တွင် ဧပြီ ၁၈ရက်က လယ်တီဆရာတော်ကြီးအား ရည်စူးကုသိုလ်အဖြစ် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာ ကျင်းပစဉ်။ (၅၀၆)

ငွေကျပ် ၅၀တန် ထီဖွင့်ပွဲ မေ ၁ရက်ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၉

(၁၉၆)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို မေ ၁ရက် နံနက်၉နာရီမှစတင်၍ညနေ၄နာရီအထိ အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀ ၂၇ဆု၊ ငွေကျပ် ၂၅ သိန်း ရှစ်ဆု၊ ငွေကျပ် ခြောက်သိန်း ၅၅၈ဆု၊ ငွေကျပ် ငါးသိန်း နှစ်ဆု၊ ငွေကျပ် လေးသိန်း လေးဆု၊ ငွေကျပ် နှစ်သိန်း ၁၆ဆု၊ ငွေကျပ်တစ်သိန်း ၁၆၂ဆု၊ ငွေကျပ်ရှစ်သောင်း ၂၆ဆု၊ ငွေကျပ်ငါးသောင်း ၁၆၂၀ဆု၊ ငွေကျပ်လေးသောင်း ၄၇ ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၄ဆု၊ ငွေကျပ် တစ်သောင်း ၁၆၂၀၀ဆု စုစုပေါင်း ၁၉၀၀၅ဆု ဖြစ်သည်။

(၁၉၆)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့်ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေကျပ်ငါးသိန်းနှင့်အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီးလာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခို့

၂၀၀၅ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၉၈၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နိုင်ငံတော်၏စေတနာ၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်တို့ကို သိမြင် တူညီသော ယုံကြည်ချက်၊ ခံယူချက်ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

✡ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်လျက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါပြီး ရခိုင်ပြည်နယ် သံတွဲခရိုင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေးရေးနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပြုလုပ်ရေးအတွက် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ သံတွဲဒေသရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးတို့အတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း။

တည်ဆောက်ပေးနေ

နိုင်ငံတော်အကြီးအကဲ၏ တနင်္သာရီဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာ၌ နိုင်ငံတော်အကြီးအကဲက လုပ်ငန်းရှင်များအပေါ် နိုင်ငံတော်၏သဘောထားကို ပြောကြားခဲ့ရာ၌ မိမိတို့အနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်လျက်ရှိသလို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုလည်း တည်ဆောက်ပေးနေကြောင်း။

ယင်းသို့ အနာဂတ်တွင် ပေါ်ထွန်းလာမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အတွက် တည်ဆောက်ရေးဖြစ်စဉ် အဆင့်ဆင့်တွင် လုပ်ငန်းရှင်များကို အင်အားစုတစ်ရပ်အနေဖြင့် ဖြစ်တည်လာအောင် ဖွဲ့စည်းတည်ဆောက်ပေးလျက်ရှိကြောင်း။

လုပ်ဖော်ကိုင်ဖက်

လုပ်ငန်းရှင်များ၏ စေတနာထားလုပ်ကိုင်မှုများသည် နိုင်ငံတော်အတွက် အရေးကြီးသည်ဖြစ်သည့်အလျောက် နိုင်ငံတော်အပိုင်းက လုပ်ငန်းရှင်များကို တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေသည့် လက်တွဲရမည့် လုပ်ဖော်ကိုင်ဖက် အင်အားစုတစ်ရပ်ဟု သဘောထားပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း။

လုပ်ငန်းရှင်များနှင့် တွေ့ဆုံရတိုင်းလည်း နိုင်ငံတော်အပိုင်းကလုပ်ငန်းရှင်ပြည်သူများအား လုပ်ကိုင်ခွင့်များ တိုးမြှင့်ပေးမှု၊ ကူညီပံ့ပိုးပေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နှုတ်ကပြောကြားလျက်ရှိသလို လက်တွေ့လည်း ဆောင်ရွက်ပေးနေသည်ကို သတိပြုမိကြမည်သာဖြစ်ကြောင်း။

ကူညီပံ့ပိုးနေ

ယင်းသို့ နိုင်ငံတော်က လုပ်ငန်းရှင်များအပေါ် လုပ်ကိုင်ခွင့်တိုးမြှင့်ပေးမှု၊ အကူအညီပေးမှု၊ ဥပဒေအရ အကာအကွယ်ပေးမှုများကို မျက်ခြည်မပြတ်စေဘဲ လုပ်ပေးနိုင်သမျှ အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလည်း သံတွဲဒေသအတွင်း လုပ်ငန်းဆောင်တာများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လိုအပ်ချက်များရှိက ကူညီပံ့ပိုးပေးနိုင်ရေးတို့အတွက် မိမိတို့လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

လုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့် ပြည်သူများအတွက် စေတနာထားလုပ်ကိုင်ကြပါမှ ဒေသလည်း ဖွံ့ဖြိုးပြီး ဒေသခံပြည်သူများလည်း စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားလာကြမှာဖြစ်ကြောင်း။

ယခုနိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်တွင် ယင်းရည်ရွယ်ချက်နှင့်အညီ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏အကျိုး၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာ ဒေသ၏ အကျိုးတို့အတွက် လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေး တိုးတက်ဆောင်ရွက်နိုင်ရေးတို့အတွက် ကူညီပံ့ပိုးပေးရန် ယနေ့ တွေ့ဆုံရခြင်းဖြစ်ကြောင်း ပဏာမပြောကြားသည်။

လိုအပ်ချက်များတင်ပြ

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆားထုတ်လုပ်မှုလုပ်ငန်းရှင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သံတွဲဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရော်ဘာစိုက်ပျိုးရေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက သံတွဲဒေသ၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအမံများ၊ ရေရရှိရေး ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သံတွဲဒေသ၌ သိပ္ပံနည်းကျ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရခိုင်ပြည်နယ်၌ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်ရေးနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက သံတွဲဒေသ၌ စက်သုံးဆီ ရောင်းချပေးနေမှုအခြေအနေနှင့် ရခိုင်ကမ်းရိုးတန်း၌ သဘာဝဓာတ်ငွေ့တွေ့ရှိမှုနှင့် တူးဖော်ထုတ်လုပ်သွားမည့်အစီအမံများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားလာမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် လူငယ်များအား အောင်စာရင်းထွက်ပြီးသည်နှင့်တစ်ပြိုင်နက် စက်မှုကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးပြီး အစိုးရနည်းပညာကောလိပ်သို့ ပေါင်းကူးတက်ရောက်ခွင့်ပြုမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရေအားလျှပ်စစ်

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က သံတွဲဒေသ၌ သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ သံတွဲချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိန္တလီရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သံတွဲဒေသ၌ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေနှင့် သံတွဲဒေသရှိ မိုးလေဝသနှင့် ဇလဗေဒစခန်းများမှ ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ မိုးလေဝသအခြေအနေသတင်းများ ထုတ်လွှင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နှစ်ရှည်သီးနှံ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာ၌ မြေပြန့်သာမဟုတ် တောင်ကုန်းတောင်စွယ်များ၌လည်း ရော်ဘာကဲ့သို့ နှစ်ရှည်သီးနှံများ စိုက်ပျိုးနိုင်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရာ၌ ဒေသခံတောင်သူလယ်သမားများအနေဖြင့် အရင်းအနှီးများသော လုပ်ငန်းရှင်များကသာ လုပ်ကိုင်နိုင်သည်ဟု အစွဲအလမ်းရှိနေကြကြောင်း၊ တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရင်း ကြိုးစားအားထုတ်ပါက ဒေသခံပြည်သူများ၏လုပ်ငန်းများ ပိုမိုအောင်မြင်သည်ကို လက်တွေ့တွင် တွေ့မြင်ကြရကြောင်း။

အားနည်းနေ

လုပ်ငန်းရှင်များအနေဖြင့်လည်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင်သာ အားစိုက်လုပ်ကိုင်နေကြပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းပိုင်းတွင် အားနည်းသည်ကိုတွေ့ရကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အထူးသဖြင့် စက်မှုကဏ္ဍများဖြစ်သော ကုန်ထုတ်လုပ်မှုအပိုင်းကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ မြေယာအခြေပြု စက်မှုလုပ်ငန်းများကို အားပေးသွားရန်ဖြစ်ကြောင်း၊ အလားတူပင် မြေယာသစ်ချဲ့ထွင်စိုက်ပျိုးသောသီးနှံများကို ပြည်ပသို့ တင်ပို့ခွင့်ပြုလျက်ရှိကြောင်း။

ပဓာနကျ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်မှုများသည် ပဓာနကျကြောင်း၊ မိမိတို့ခေတ်ကာလတွင် ကိုယ့်အားကိုယ်ကိုးပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့မှုကြောင့် ထူးခြားသည့် အောင်မြင်ဖြစ်ထွန်းမှုများ ရလာခြင်းဖြစ်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အလုပ်ကြိုးစားဆောင်ရွက်မှုများရှိနေပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်သာဖြစ်ကြောင်း။

ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း နိုင်ငံတော်အစိုးရ၏ ပြည်သူအပေါ် စေတနာကောင်းထားရှိမှု၊ ပြည်သူအပေါ် ယုံကြည်အားထားမှုတို့ကို လက်တွေ့နယ်ပယ်တွင် ပြည်သူများ သိမြင်ခံစားရပါက နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ယခုထက် ပိုမိုတက်ကြွစွာ ပါဝင်လာမှာဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများ၏ စေတနာထား၍ ဆောင်ရွက်မှုများသည် အလွန်အရေးကြီးပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏စေတနာ၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်တို့ကို သိမြင်ပြီး တူညီသော ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝခိုင်မာစွာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

ကုန်ထုတ်လုပ်မှုအပိုင်းကို ကြိုးစားဆောင်ရွက်

☆ ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာ၌ မြေပြန့်သာမဟုတ် တောင်ကုန်း တောင်စွယ်များ၌လည်း ရော်ဘာကဲ့သို့ နှစ်ရှည်သီးနှံများ စိုက်ပျိုးနိုင်။

☆ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရာ၌ ဒေသခံတောင်သူလယ်သမားများအနေဖြင့် အရင်းအနှီးများသော လုပ်ငန်းရှင်များကသာ လုပ်ကိုင်နိုင်သည်ဟု အစွဲအလမ်းရှိနေကြ။ တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရင်း ကြိုးစားအားထုတ်ပါက ဒေသခံပြည်သူများ၏လုပ်ငန်းများ ပိုမိုအောင်မြင်သည်ကို လက်တွေ့တွင် တွေ့မြင်ကြရ။

☆ လုပ်ငန်းရှင်များအနေဖြင့်လည်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင်သာ အားစိုက်လုပ်ကိုင်နေကြပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းပိုင်းတွင် အားနည်းသည်ကိုတွေ့ရ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အထူးသဖြင့် စက်မှုကဏ္ဍများဖြစ်သော ကုန်ထုတ်လုပ်မှုအပိုင်းကို ကြိုးစားဆောင်ရွက်ကြစေလို။

ဂုဏ်ပြု အမှာစကား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



⇨ ကျောဖုံးမှ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီ ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စိမ်းစိုဦး၊ ငွေတာရီ ဝတ္ထုတိုအကောင်းဆုံးဆုရ မအူပင်လွင့်ကျော်၊ မြဝတီဆောင်းပါး အကောင်းဆုံးဆုရ ညွန့်ဟံ (ကြူတော)၊ ငွေတာရီဆောင်းပါး အကောင်းဆုံးဆုရ တင်ထွန်းဦး (ယဉ်ကျေးမှု)၊ မြဝတီကဗျာ အကောင်းဆုံးဆုရ ကို(တက္ကသိုလ်)၊ ငွေတာရီကဗျာ အကောင်းဆုံးဆုရ မြေလတ်မင်းလွင်၊ ငွေတာရီကာတွန်း အကောင်းဆုံးဆုရ မောင်တင်ယုနှင့်

ထုတ်လွှင့်မှုဆုရ တပ်ကြပ်ကြီး(အစားခန့်) ဝင်းဝင်းခိုင်၊ အကောင်းဆုံးထုတ်လုပ်ရေးမှူးဆုရ တပ်ကြပ်ကြီး (အစားခန့်)နွယ်နွယ်မြိုင်၊ အကောင်းဆုံး သတင်းကြေညာသူဆုရ တပ်ကြပ်ကြီး(အစားခန့်) အေးအေးခိုင်၊ အကောင်းဆုံး မှတ်တမ်းထိန်းသိမ်းမှုဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) ပြုံးပြုံးကြည်၊ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရ ဒုတိယအရာခံဗိုလ်လှငွေ၊ မြဝတီရုပ်မြင်သံကြားမှ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရ အရာခံဗိုလ် (အစားခန့်) မောင်မောင်ဦး၊ အကောင်းဆုံး အစီအစဉ်မှူးဆုရ တပ်ကြပ်ကြီး(အစားခန့်) မေဦးလှိုင်နှင့် စက်မှုဌာနဂုဏ်ပြုဆုကို စက်မှုဌာနကိုယ်စား စက်မှုဌာနမှူး ဗိုလ်မှူးမျိုးဝင်းတို့အား ဆုများချီးမြှင့်သည်။

စကားပြောပြိုင်ပွဲဒုတိယဆုရကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်း၊ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီးဇော်မိုးလွင်၊ ဝတ္ထုရှည် (တတိယဆု)ရ ကာကွယ်ရေးဝန်ကြီးဌာနပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ကြပ်ကြီး/စာရေးဆရာ အောင်ကျော်မိုး၊ စစ်ရေးအဆင့်(၁) စစ်ရေးသီချင်း တတိယဆုရ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) လေးနိုင်၊ အဌမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကျောင်းပေါင်းစုံ တင်းနစ်ပြိုင်ပွဲ မိန်းကလေး တစ် ပထမဆုရ အထက(၁၈) မန္တလေးမှ မခင်မေသောင်း၊ မောင်ဖြိုး

မြတ်ဦးနှင့် မနွယ်နွယ်ထွန်းတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ ဒုတိယဗိုလ်မှူးကြီးတင့်လွင်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်းနှင့် ဒုတိယဗိုလ်မှူးကြီးအောင်သူတို့က မြဝတီရုပ်မြင်သံကြားတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မြဝတီရုပ်မြင်သံကြား(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။(သတင်း

စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင် မြဝတီရုပ်မြင်သံကြား(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စီမံထုတ်ချွန်တံဆိပ်

ထို့နောက် စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်က စီမံထုတ်ချွန်တံဆိပ် (ဒုတိယဆင့်)ရ မြဝတီစာပေတိုက်မှ ဒုတိယဗိုလ်မှူးကြီးတင့်ဝေ၊ စီမံထုတ်ချွန်တံဆိပ်(တတိယဆင့်)ရ ရတနာပုံသတင်းစာတိုက်မှ ဗိုလ်မှူးတင်ထွန်းဦး၊ စီမံထုတ်ချွန်တံဆိပ် (တတိယဆင့်)ရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီး သိန်းရွှေဝင်း၊ စီမံထုတ်ချွန်တံဆိပ် (တတိယဆင့်)ရ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်သန်းညွန့်ဦး၊ စီမံထုတ်ချွန်တံဆိပ် (တတိယဆင့်)ရ မြဝတီစာပေတိုက်မှ ဦးမောင်မောင်ကြည်၊ စီမံထုတ်ချွန်တံဆိပ်(တတိယဆင့်)ရ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မင်္ဂလာဒုံမှ အထက်တန်းပြဆရာမ ဒေါ်တင်တင်အေးနှင့်စီမံထုတ်ချွန်တံဆိပ် (တတိယဆင့်)ရ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) အေးစန္ဒာကြည်တို့အား ဆုများချီးမြှင့်သည်။

ချီးမြှင့်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာ (၁၀-၁၅)နှစ်ဒုံမင်းအတီးပြိုင်ပွဲ တတိယဆုရ အထက (နတ်စင်ကုန်း)မှ မခိုင်သန္တာစိုးနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ (ဗဟိုအဆင့်)ပြိုင်ပွဲ စစ်သည်တော်ကျင့်ဝတ် ပထမဆုရ မြဝတီစာပေတိုက်မှဒုတိယတပ်ကြပ် အောင်မြင့်ဦး၊ ကဗျာရှည် ပထမဆုရ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ တပ်ကြပ်ကြီး/စာရေးဆရာ ခင်မောင်ဦး၊ ကျပန်းစကားပြောပြိုင်ပွဲ ဒုတိယဆုရ မြဝတီသတင်းစာတိုက်မှ တပ်သား ကောင်းမြတ်ထွေး၊ ကျပန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် မြဝတီရုပ်မြင်သံကြား(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။(သတင်းစဉ်)

ဂုဏ်ပြုစကား

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြဝတီစာပေတိုက် ၂၀၀၄ ခုနှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုများကို ချီးမြှင့်ရာ မြဝတီဝတ္ထုရှည် အကောင်းဆုံးဆုရ မောင်ရည်သွေး၊ ငွေတာရီဝတ္ထုရှည် အကောင်းဆုံးဆုရ မဝင်းလဲ့ဖြူ၊ မြဝတီဝတ္ထုတို အကောင်းဆုံးဆုရ

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ မာလာဝင်း(မြစ်သာစည်)တို့အား ဆုများချီးမြှင့်သည်။

တည်းဖြတ်ဌာန

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မြဝတီရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားထုတ်လွှင့်မှု အခြေခံသင်တန်း အမှတ်စဉ်(၁)တွင် တက်ရောက်ပြီး လက်ရှိ (၁၀)နှစ်ပြည့်တိုင်အောင် ဆက်လက်တာဝန်ထမ်းဆောင်နေကြဆဲဖြစ်သော ဝန်ထမ်း ၃၇ဦး ကိုယ်စား တည်းဖြတ်ဌာနမှ အရာခံဗိုလ်(အစားခန့်)မြင့်မြင့်ကြည်၊ မြဝတီရုပ်မြင်သံကြားမှ အကောင်းဆုံး တည်းဖြတ်ဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) လွင်မာထွေး၊ အကောင်းဆုံး နိုင်ငံတကာ သတင်းတည်းဖြတ်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ကံတင်ဘီးလင်း ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let' sGo
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises for Correct Pronuncia - tion.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာ ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသ ရိုးရာတေးသံသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းအမွေ
၅:၃၅ ၈။ သီချင်းကြီးပဒေသာ
၅:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
၆:၁၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီ
၆:၂၀ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ တေးဂီတအစီအစဉ်
၇:၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်
၇:၃၅ ၁၆။ တေးဂီတအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၄ ခုနှစ်၊ ဒွါဒသမအ (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အ အတီးပြိုင်ပွဲ၊ ဓာတ်တော်ပြိုင်ပွဲ(ရုပ်သေး) မဟော်ဓာတ်တော်ကြီး(တတိယ (မွန်ပြည်နယ် ရုပ်စုံသဘင်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြို့ရွာတစ်ခွင် သာစေချင်
မီးတွင်မပေါ့နှင့်

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းလျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် ပါရမီလမ်းဆုံအနီးသို့ ရောက်ရှိလာပြီး ဘုရင့်နောင်လမ်းမကြီး တစ်လျှောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၃ပေရှိ ဗိုလ်ရိုးချောင်းဖြတ် သာကေတဘောလီသံပေါင်တံတားဟောင်း၏ အောက်ခံကြမ်းခင်း သစ်သားတုံးများ အသစ်ပြန်လည်လဲလှယ်ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်းတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့်အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ခင်းကျင်းလျက်ရှိသည့် လမ်းများ အရည်အသွေး စံချိန်စံညွှန်းမီစွာ အမြန်ပြီးစီးရေးနှင့် ခင်းကျင်းပြီးသည့် လမ်းနှင့်တံတားများ ရေရှည်ခိုင်ခံ့မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။ (၁၉)



ပိုဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဌမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီးတို့က ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီးတို့အား အမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဌမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ၌ ယနေ့ကျင်းပသည်။

သိမ်ဆင်းလောင်းလှူ

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြတ်သီဂီ၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဥက္ကာထွန်းအောင်နှင့် ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြပြီး နံနက် ၇နာရီခွဲတွင် မဟာစည်သာသနာ့ရိပ်သာ သာသနမလဝိသောဓနီ သိမ်တော်ကြီး၌ ဆရာတော်များနှင့် သိမ်ဆင်းသံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် ဖလ်ယဉ်မွှောရုံ၌ အလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ မဟာစည် သာသနာ့ရိပ်သာနာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ထေရဝံသဆရာတော်ကြီးထံမှ ဝန်ကြီးနှင့်ဇနီးအမှူးပြုသော ပရိသတ်က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အထူးအရာရှိ၊ ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုကို အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)



ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် **Eleventh United Nations Congress on Crime Prevention and Criminal Justice** အစည်းအဝေး တက်ရောက်ရန် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧပြီ ၁၈ရက်မှ ဧပြီ ၂၅ရက်အထိ ကျင်းပမည့် Eleventh United Nations Congress on Crime Prevention and Criminal Justice အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဧပြီ ၁၇ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့အား ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြည်မိမ်၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယရဲမှူးကြီး ကျော်ဝင်းသိန်းလည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမေ့ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူရှိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရသောမြေသာ နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူရှိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

စတုဒိသာတိုက်ကျွေး

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ရက်)၌ ရန်ကုန်မြို့ အမှတ်(၁၅) ကြားတောရလမ်း ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက် မုခ်အနီးရှိ တိပိဋကမွေရက္ခိတ မိမာန်တော်ရှေ့တွင် အလှူရှင် ဦးတင်ဆွေအား ရည်စူး၍ ဒေါ်တင်တင်လှမိသားစုက စတုဒိသာတိုက်ကျွေးစဉ်။ (က-ပ)

တိုင်းမှူးဗိုလ်ချုပ်သာအေး ထီးလင်းမြို့နယ် နွေစပါးစိုက်ခင်းနှင့် ပုံညာတောင် ဥမင်တူးဖော်ခြင်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၂ရက် နံနက်ပိုင်းက ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်အတွင်း ဆောင်းသီးနှံ နေကြာနှင့် မြေပဲစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

သာရခန့်ကျေးရွာ

ယင်းနောက် တိုင်းမှူးသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် သာရခန့်ကျေးရွာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက ဟောင်းချောင်းကိုပိတ်၍ တောင်သူလုပ်ဆန်စက် ရေလွှဲဆည်ရေဖြင့် နွေစပါးဧက ၁၄၀၀ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နွေစပါးစိုက်ခင်း

ထို့နောက်တိုင်းမှူးကတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး နွေစပါးစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပုံညာတောင်ဥမင်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပခုက္ကူ–ဂန့်ဂေါ–ကလေး မီးရထားလမ်းမှ ပုံညာတောင် ဥမင်တူးခြင်းနှင့် ဥမင်အဝင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်သွင်က ဥမင်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ပုံညာဥမင်အနီး ခုံကျော်မီးရထားလမ်း ဆောင်ရွက်မှုနှင့် ဥမင်အတွင်းပိုင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သေသပ်ကောင်းမွန်ခိုင်ခံ့စွာပြီးစီးအောင် ဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

သစ်စေ့ပျိုးထောင်ခြင်းအခမ်းအနား တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တက်ရောက်

ရန်ကုန် ဧပြီ ၁၉

ဧရာဝတီတိုင်း သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် မိုးရာသီ သစ်စေ့ပျိုးထောင်ခြင်းအခမ်းအနားကို ဧပြီ ၁၈ရက် နံနက် ၈နာရီက ပုသိမ်မြို့ ကန်သာယာ ပျိုးဥယျာဉ်တွင်ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့်တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းမြင့်က ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များသို့ ၂၀၀၅ ခုနှစ်၊ မိုးရာသီတွင် သစ်ပင်မျိုးစုံစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေသွားမည့်အစီအစဉ်နှင့် ပျိုးပင်များ ပျိုးထောင်ခြင်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က သစ်ဆိမ့်မျိုးစေ့ကို ပျိုးအိတ်အတွင်း စတင်ထည့်သွင်း ပျိုးထောင်ပေးပြီးနောက် ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက သတ်မှတ် နေရာများတွင် သစ်ဆိမ့်၊ မဟော်ဂနီ၊ မန်ကျည်း၊ ကံ့ကော်၊ ရေတမာစသည့် မျိုးစေ့များကို တစ်ပြိုင်တည်း ပျိုးအိတ်အတွင်းသို့ ထည့်သွင်းပျိုးထောင်ပေးမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပျိုးပင်ကိုးသိန်း

ဧရာဝတီတိုင်း သစ်တောဦးစီးဌာန အနေဖြင့် ၂၀၀၅ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် သစ်ဆိမ့်ပျိုးပင် ခုနစ်သိန်းနှင့် အခြားသစ်ပင်မျိုးစုံ နှစ်သိန်း စုစုပေါင်းပျိုးပင် ကိုးသိန်းအား ပျိုးထောင်သွားမည်ဖြစ်ကြောင်းနှင့် ကျွန်းအထူးစိုက်ခင်းကို မြန်အောင်–ကြံခင်း ကားလမ်းဝဲယာ တစ်လျှောက်တွင်လည်းကောင်း၊ သာပေါင်း ပျော့ဖတ်စက်ရုံအတွက် စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်းကိုလည်းကောင်း၊ မြောင်းမြခရိုင်တွင် အထူးသစ်ဆိမ့် စိုက်ခင်းများကိုလည်းကောင်း စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ရန် ပျိုးပင်များ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စက်မှု(၂)ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဒီဇယ်အင်ဂျင်စက်ရုံစီမံကိန်း စစ်ဆေး

ရန်ကုန် ဧပြီ ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၃ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း(သာဂရ)သို့ ရောက်ရှိပြီး စက်ရုံတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးအေးသောင်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းတို့က စက်ရုံတည်ဆောက်ရန် မြေနေရာ သတ်မှတ်ထားရှိမှု၊ အလုပ်ရုံများတည်ဆောက်မှု၊ စက်ရုံလမ်းဖောက်လုပ်မှု၊ လျှပ်စစ်ဓာတ်အားနှင့် ရေရရှိမှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုပညာရှင်များရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အချိန်ဇယားရေးဆွဲ

ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စီမံကိန်းလုပ်ငန်းများကို အချိန်ဇယားရေးဆွဲပြီး သတ်မှတ်ချိန်အတိုင်း ပြီးစီးစေရန်ဆောင်ရွက်ရေး၊ စီမံကိန်းနယ်မြေ လုံခြုံရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

သိုလှောင်ထားရှိမှု

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၏ ဆောက်လုပ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဆောက်လုပ်ရေးပစ္စည်းများကို စနစ်တကျထိန်းသိမ်း ထားရှိသုံးစွဲရေး၊ စက်သုံးဆီများကို အလေအလွင့်မဖြစ်စေရန် သုံးစွဲရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

လုပ်ငန်းခွင်ကွင်းဆင်းသင်ယူကြမည့် ကျောင်းသား၊ ကျောင်းသူများအား သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၁၉

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယနေ့နံနက် ၁၀နာရီတွင် သမဝါယမ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဘဏ်လုပ်ငန်းများ၊ ဟိုတယ်များ၊ Shopping Centre များ၌ လုပ်ငန်းခွင်လက်တွေ့ကွင်းဆင်းသင်ယူကြမည့် ရန်ကုန် သမဝါယမ ဒီဂရီကောလိပ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမ အသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သမဝါယမဘဏ်၊ မြဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ ကုန်သည်ကြီးများဟိုတယ်၊ ဟိုတယ် Nikko၊ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၊ ဆန်းမစ်ပတ်ဇူးဟိုတယ်၊ ဘလေဇုံ Shopping Centre၊ ဆာကူရာကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားပြီး ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးကလုပ်ငန်းခွင် လက်တွေ့ကွင်းဆင်းသင်ယူခြင်း အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဘဏ်များ၊ ဟိုတယ်များနှင့် Shopping Centre များတွင် လုပ်ငန်းခွင် လက်တွေ့ကွင်းဆင်းသင်ယူကြမည့် ရန်ကုန် သမဝါယမဒီဂရီကောလိပ်မှနောက်ဆုံးနှစ် ကျောင်းသူ၊ ကျောင်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သမဝါယမ)

ကြိုဆိုနှုတ်ခွန်းဆက်

ယင်းနောက် လုပ်ငန်းရှင်များကိုယ်စား ကုန်သည်ကြီးများဟိုတယ် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး မန်နေဂျာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

တစ်လကြာ

ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် နောက်ဆုံးနှစ်မှ ကျောင်းသား၊ ကျောင်းသူ ၉၂ဦးအား ဘဏ်များ၊ ဟိုတယ်များ၊ Shopping Centre များ၌ လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရန်အတွက် တစ်လကြာ နွေရာသီ လက်တွေ့ကွင်းဆင်း လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက် ပေးခြင်းဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၄–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှောဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** – °Population Statistics(II) (ဒုတိယနှစ်စီးပွားရေး)
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ (အပိုင်း–၁၃)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ဗွီစီဒီကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူ့ရဲကောင်း" (အပိုင်း–၄)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

၂၁–၄–၂၀၀၅

၀၁:၃၀ **English Premier League ဘောလုံးပွဲ Chelsea Vs Arsenal**

စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက် တမူးမြို့တွင် ကတ္တရာလမ်းသစ်နှင့် ကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၉

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်တော်သာလမ်းအပိုင်း(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၂၆ရက်တွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လမ်းနှင့်တံတားဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀ကျော် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြည်တော်သာလမ်း အပိုင်း(၁) ကတ္တရာလမ်းသစ်သည် အရှည် ၆၂၅ပေ၊ အကျယ် ၁၂ ပေရှိပြီး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးကူးငှာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့မလမ်းကြေးနန်းရုံးရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားသစ်သည် အရှည်ပေ ၂၁ ပေx၆ ပေ x ၆ ပေ ရှိပြီး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တံတားဖြစ်မြောက်ရေး ကော်မတီဝင် ဦးဖတ်တေးဗဟာဒူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိကောက်ကွေ့ချောင်းရေလှောင်တမံအသစ် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ရေလှောင်တမံ ဆည်ဖို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး လားရှိုးမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

နှစ်ရှည်ကော်ဖီ၊ မက္ကဒေးမီးယား၊ ပျားလိမ့်မွှာပင်နှင့် အခြားနှစ်ရှည်ပင်များ စနစ်တကျစိုက်ပျိုးရေးမှာကြား

ရန်ကုန် ဧပြီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၃ ရက်နံနက်ပိုင်းတွင် လားရှိုးမြို့နယ်မြေခံတပ်ရင်း၏ စံပြနှစ်ရှည်ပင် ဆင်းရွှေလီပျားလိမ့်မွှာ၂ဒသမ၅ ဧကနှင့် သီးညှပ်နေကြာမျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း နှစ်နှစ်သားအရွယ် ပျားလိမ့်မွှာပင်များ စတင်သီးပွင့်နေမှု၊ ပျားအုံများ မွေးမြူထားရှိမှု၊ သီးညှပ်နေကြာများ ဖြစ်ထွန်းအောင်မြင်မှုနှင့် သီးညှပ်ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ်၏ မက္ကဒေးမီးယားနှင့်ကတ်တီမိုးကော်ဖီပျိုးဥယျာဉ်အတွင်း မက္ကဒေးမီးယားပျိုးပင် တစ်သောင်းနှင့် ကတ်တီမိုးကော်ဖီပျိုးပင် ငါးသိန်းတို့ကို တိုက်ရိုက်ရေဖျန်းစနစ်ဖြင့် ပျိုးထောင် ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဗဟိုစံပြစခန်းရှိ ခေတ်မီကြက်ဥဖောက်စက်ရုံသို့ရောက်ရှိရာ မွေးမြူရေးတာဝန်ခံဗိုလ်မှူးခွန်မြင့်နိုင်က ဘက်စုံခြံ ခေတ်မီကြက်ဥဖောက်စက်မှ တပ်ရင်း၊ တပ်ဖွဲ့များ၏ မွေးမြူရေးခြံများနှင့် ဒေသအတွင်း ကြက်သားပေါက်နှင့် ဘဲသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ခေတ်မီကြက်ဥဖောက်စက်များအတွင်း ဥစားမျိုးသန့်ကြက်ဥများ စနစ်တကျဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘက်စုံခြံအတွင်းရှိ ဘိန်းအစားထိုးကော်ဖီ ၂၅ ဧက စိုက်ခင်းအခြေအနေကိုလည်းကောင်း၊ ကြက်ခြံအတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှရရှိသည့် အသားစားကြက်များစနစ်တကျ မွေးမြူထားရှိမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံအသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက ဟူးမွန်ဆည်ရေသောက် လယ်မြေ ၈၄၃ ဧကအတွင်း သီးထပ်စပါးများ စိုက်ပျိုးထားရှိမှု၊ ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုနှင့် လာမည့် မိုးရာသီတွင် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အရှိန်အဟုန်မြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ကော်ဖီ၊ မက္ကဒေးမီးယား၊ ပျားလိမ့်မွှာပင်များနှင့် အခြားနှစ်ရှည်ပင်များ အကွက်ချ၍ စနစ်တကျစိုက်ပျိုးရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေး ပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ရှုရပ်နေရာမှ စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့်ရေလှောင်တမံဆည်ဖို့နေမှုနှင့် ၂၅ ပေ အကျယ် ရေပိုလွှဲဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကောက်ကွေ့ချောင်း ရေလှောင်တမံမှာ လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသော တမံဖြစ်ပြီး တမံအလျားပေ ၁၀၈၀၊ အကျယ် ၁၁၆ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ကာ ကန်ရေပြည့် ရေလှောင်ပမာဏဧကပေ ၅၂၀၀ ရှိမည့် တမံဖြစ်သည်။

အဆိုပါ စီမံကိန်းပြီးစီးသွားပါက လျှပ်စစ်ဓာတ်အားကီလိုဝပ် ၂၀၀ ရှိသော ရေအားလျှပ်စစ် ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ပြီး ဆည်ရေသောက် နွေ၊ မိုး၊ ဆောင်းအထွက်တိုးစပါး ဧက (တစ်ထောင်) သီးထပ် စိုက်ပျိုးသွားနိုင်မည်ဖြစ်ကာ လားရှိုးမြို့နေ ပြည်သူများအတွက် သောက်သုံးရေ ဖူလုံစွာရရှိရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နေ ပြည်သူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည့်ပြည်ထောင်စုမြကန်သာသဘာဝဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က လားရှိုးမြို့သို့ ရေပေးဝေမှု အခြေအနေ၊ သဘာဝဥယျာဉ်အတွင်း အရိပ်ရ အလှပန်းပင်များ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် နှစ်ရှည်ပင်နှင့် ရာသီသီးနှံများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက မြို့နေလူထုအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် ရေကောင်းရေသန့်များ တစ်နှစ်ပတ်လုံး ပေးဝေနိုင်အောင် စီစဉ်ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ အထူးဂရုပြု ထိန်းသိမ်းဆောင်ရွက်ရေးနှင့် နှစ်ရှည် သီးနှံပင်များဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည်ရှင်းလင်းဆောင်ရှေ့၌ ဝက်သစ်ချပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အတူ တပျော်တပါးပါဝင်စိုက်ပျိုးပေးကြပြီး သဘာဝဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အဝင် ဝိဇယဘူမိ မဟာအောင်မြေကုန်းတော်ပေါ်၌ လိုဏ်စနစ်ဖြင့်တည်ထားကိုးကွယ်မည့်ဉာဏ်တော် အမြင့် ၁၃၅ ပေရှိသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ရှိ သာသနာ့ ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး သာသနာ့ဗိမာန်တော်ကြီးအတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ပတ္တမြားမျက်ရှင်တော်ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော် တည်ဆောက်ရေးကြီးကြပ်မှုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ကစေတီတော်ကြီး တည်ဆောက်ပြီးစီးမှု၊ အလှူငွေများရရှိမှုနှင့် လုပ်ငန်းသုံး ပစ္စည်းများ ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးအောင်သိန်းကျော်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် စေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဥက္ကဋ္ဌဖလား(အလွတ်တန်း)ပြိုင်ပွဲကျင်းပမည် မြင်းစီးအားကစားအဖွဲ့ချုပ်ရှေ့လုပ်ငန်းစဉ်ရှင်းလင်း

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (အလွတ်တန်း) ပြိုင်ပွဲအတွက် စီစဉ်ထားရှိမှုများ၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းမကြီးရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (အလွတ်တန်း)ပြိုင်ပွဲကို ယခုနှစ် ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြင်းစီးအားကစားကွင်း (YECC Club) ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲ၌ တန်းခုန်ပြိုင်ပွဲ (Show Jumping) နှင့် မြင်းရေးကျွမ်းကျင်မှု အလှစီး (Dressage) ပြိုင်ပွဲများကို အကြီးတန်း၊ အသက်(၂၁)နှစ်အောက်တန်း၊ အသက်(၁၆)နှစ် အောက်တန်းနှင့် အသက်(၁၂)နှစ် အောက်တန်းဟူ၍ အတန်းလေးမျိုးခွဲ၍ ကျင်းပသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ(၂) ဦးငြိမ်းကျော်နှင့် စာရင်းစစ်ဦးဉာဏ်လင်းတို့က ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၂) တို့က နိုင်ငံတကာပြိုင်ပွဲ အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး စာနယ်ဇင်းများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား(အလွတ်တန်း) ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၅ရက် ညနေ ၄နာရီခွဲ နောက်ဆုံးထား၍ မြင်းစီးအားကစားကွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ဖုန်း-၅၈၄၉၆၂သို့ စုံစမ်းမေးမြန်း အမည်စာရင်း ပေးသွင်းနိုင်သည်။

(သတင်းစဉ်)

မြန်မာ နိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ နိုင်ငံ မြင်းစီး အားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဖလား အလွတ်တန်း ပြိုင်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းစဉ်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၁၇ရက် ညနေ ၆နာရီတွင် အင်းလျားကန်ရှိ ရန်ကုန်ရွက်လှေအသင်း၌ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့်အမှုဆောင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ အားကစားသမားများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင်၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ ရေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက ၂၀၀၅ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲတွင် Optimist Open Class ပြိုင်ပွဲ၊ Optimist Intermediate Class ပြိုင်ပွဲနှင့် Optimist Basic Class ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက International 420 Class ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက Rater Class ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Sharpie "A" Class ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်နှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က Sharpie "B" Class ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၅ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲတွင် Optimist Open Class ပြိုင်ပွဲ၌ ပထမဆု ရရှိသူအား ဆုချီးမြှင့်စဉ်။

(အား/ကာ)

အင်းစိန်မြို့နယ် ကမ်းနားအလယ် ရပ်ကွက် အောင်ဇေယျအိမ်ရာ တိုက်(၃) အခန်း (၅)နေ ဦးရွှေသန်း-ဒေါ်တင်တို့က အင်းစိန်မြို့မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်း လာရောက် လှူဒါန်းရာ အသင်းနာယက ဦးစစ်သိန်းနှင့် စာရင်းစစ် ဦးမြတ်ဆွေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်အောင်မြင် မဟာဝိဇယရံသီစေတီတော် စိန်ဖူးတော်၊ ရွှေထီးတော်ဖူးမြော်ကြည်ညိုနိုင်

ရန်ကုန် ဧပြီ ၁၉

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ သုဝဏ္ဏမဏ္ဍာကုန်းတော်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရန်အောင်မြင် မဟာဝိဇယရံသီ စေတီတော်မြတ်ကြီးတွင် တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့်ရှိ ဒေါ်စောမြတန်ဆောင်းတွင် အများပြည်သူ ကြည်ညိုနိုင်ရန် အပူဇော်ခံလျက်ရှိသည်။

အဆိုပါ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်မြတ်တို့ကို ဧပြီ ၂၁ ရက်တွင် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာသို့ ပြန်လည်ပင့်ဆောင်ပြီး ဧပြီ ၂၉ ရက်တွင် ရွှေထီးတော်တင်မင်္ဂလာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူပြည်သူများ ကြွရောက် ဖူးမြော်ကြည်ညိုနိုင်သည်။ (ကြေးမုံ)

ရွှေစက်တော်ဆရာတော် တရားပွဲများ

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ရွှေစက်တော်ကျောင်း ဆရာတော် ဦးသုန္ဒရ (မိုးကုတ် နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဧပြီ ၂၀ ရက်မှ ၂၆ ရက်အထိ အင်္ဂပူမြို့နယ် အမြိုင်ရွာ တရားစခန်း၊ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ လက်ပံတန်းမြို့နယ် ရွာကန့်လန့်ရွာ တရားစခန်း၊ မေ ၇ ရက်မှ ၁၃ ရက်အထိ လက်ပံတန်းမြို့နယ် အရိုးကုန်းရွာ တရားစခန်း၊ မေ ၁၅ ရက်မှ ၂၁ ရက်အထိ ဟင်္သာတမြို့နယ် ဒါးကရွာ တရားစခန်း၊ မေ ၂၃ ရက်မှ ၂၉ ရက်အထိ ဟင်္သာတမြို့နယ် ချဉ်ပို့ရွာ တရားစခန်းတို့တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားများကို ဟောကြားမည်ဟု သိရသည်။ (က-ပ)

နွေရာသီ ဂေါက်သီးသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၉

မျိုးဆက်သစ် ဂေါက်သီးရိုက် လူငယ်များပေါ်ထွက်လာစေရေးနှင့် ဂေါက်သီးရိုက် အားကစားကို စနစ်တကျ သင်ယူတတ်မြောက်ရေးကို ရည်ရွယ်လျက် Han Golf Masters ဂေါက်သီးရိုက် သင်တန်းကျောင်းမှ နွေရာသီလူငယ် ဂေါက်သီးရိုက်သင်တန်းများကို ဧပြီ ၂၂ ရက်မှစတင်၍ ပန်းလှိုင်ဂေါက်ကွင်း၌ အဆင့်အတန်းမြင့်မားစွာဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။

ဖွင့်လှစ်မည့် သင်တန်းများမှာ အခြေခံဂေါက်သီးရိုက်သင်တန်းနှင့် ကွင်းပတ်အဆင့်ဂေါက်သီးရိုက် သင်တန်းတို့ပါဝင်ပြီး သင်တန်းကာလမှာ သုံးပတ်ဖြစ်သည်။ ယင်းသင်တန်းသို့ တက်ရောက်လိုသူ လူငယ်ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် Han Golf Masters ရုံးခန်းအမှတ်(၁၅/အေ) ကမ္ဘာ့ဇလမ်း ရွှေတောင်ကြားရပ်ကွက် ဗဟန်းမြို့နယ် ဖုန်း-၅၄၂၉၈၉ သို့ လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရမည်ဖြစ်သည်။

(သတင်းစဉ်)

ဆေးဝါးရောင်းချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဆေးဝါးရောင်းချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၂) ပိတ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် ပန်းဘဲတန်းမြို့နယ်ဗိုလ်ဆွန်ပက်လမ်းရှိပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သင်တန်းခန်းမ၌ ကျင်းပရာ ဆေးတက္ကသိုလ်(၂) ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကြီးက အမှာစကားပြောကြားသည်။ (သတင်းစဉ်)

အက်ဖ်အေဖလားဗိုလ်လုပွဲ မန်ယူနှင့်အာဆင်နယ်တွေ့

အင်္ဂလန် ဧပြီ ၁၇

အင်္ဂလန် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲကို ဧပြီ ၁၇ ရက်က ဝေလနယ်၊ ကာဒစ်ရှိ မီလီနီယမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက နယူးကာဆယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို နစ္စတယ်ရွိုင်းက ၁၉ မိနစ်နှင့် ၅၈ မိနစ်တို့တွင်လည်းကောင်း၊ ပေါစခိုးလ်က ၄၅ မိနစ်တွင်လည်းကောင်း၊ ရော်နယ်ဒိုက ၇၆ မိနစ်တွင် လည်းကောင်း အသီးသီးသွင်းယူခဲ့ကြသည်။

နယူးကာဆယ် အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၅၉ မိနစ်တွင် အမီအိုဘီက သွင်းယူခဲ့သည်။

အနိုင်ရရှိသွားသည့်အတွက် မန်ချက်စတာယူနိုက်တက်အသင်းသည် လာမည့် မေ ၂၁ ရက်တွင် မီလီနီယမ်ဘောလုံးကွင်း၌ပင် အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲသမိုင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းက ၁၁ ကြိမ် ဗိုလ်စွဲခဲ့ဖူးပြီး အာဆင်နယ်အသင်းက ကိုးကြိမ်ဖလားရခဲ့ဖူးသည်။

အင်တာနက်။

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ပေါစခိုးလ် ခေါင်းတိုက်သွင်းလိုက်သောဘောလုံးကို နယူးကာဆယ် ဂိုးသမား ရှေးဂစ်ဗင် လှမ်းပုတ်ထုတ်သော်လည်း မမီဘဲ ဂိုးဝင်သွားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂိုးသွင်းပြီးနောက်

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ နစ္စတယ်ရွိုင်း (နံပါတ်-၁၀) ဂိုးသွင်းပြီးနောက် ကစားဖော်များနှင့်အတူ အောင်ပွဲခံကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

အတွင်းရေးမှူး(၁)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၁၉

မြဝတီရုပ်မြင်သံကြား(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့်မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ဖနာရီတွင် မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်စောလှ၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက်နှစ်ပတ်လည် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့အား ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ်သံပေါင်တံတား ကြမ်းခင်းအသစ်လဲလှယ်နေမှုကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသစဉ်။ (သတင်း-၁၀) (၁၉)